မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၉)၊ အမှတ် (၆၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စိုက်ပျိုးရေတသွင်သွင် ပခုက္ကူက ကြီးရွာမြစ်ရေတင်

သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မဂ်လာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - လှိုင်လှိုင်သင်း(မြန်မာ့အလင်း)

အောင်မြင်ဖြစ်ထွန်းနေသော စပါးစိုက်ခင်း

ပခုက္ကူမြို့နယ် ကြီးရွာမြစ်ရေတင်စီမံကိန်း၏ အကျိုးကျေးဇူးကြောင့် အောင်မြင်ဖြစ်ထွန်းနေသော ရွှေတန့်တစ်ကျေးရွာမှ စပါးစိုက်ခင်းများ။

ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မဂ်လာတောင်ညွန့်)

နေပြည်တော် နိုဝင်ဘာ ၃၀

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးအတွက် အဓိကလိုအပ်ချက်မှာ မြေနှင့်ရေဖြစ်သည့်အလျောက် မြေသယံဇာတ ပေါများသော်လည်း ရေမရှိ၍ မဖြစ်၊ မြေရှိရာသို့ ရေရောက်မှ စိုက်ပျိုးအောင်မြင်နိုင်မည်။ မြန်မာနိုင်ငံအလယ်ပိုင်းသည် မိုးရွာသွန်းမှု နည်းပါးသော ရေရှားဒေသဖြစ်၏။ သောက်ရေ၊ သုံးရေမှအစ စိုက်ပျိုးရေအတွက်ပါ အခက်အခဲရှိခဲ့သည်။ သောက်သုံးရေအတွက် ရေကန်ငယ်များ တူးဖော်ထားရှိသော်လည်း မိုးရွာသွန်းမှု နည်းပါးသဖြင့် ဆောင်းရာသီကာလမှာပင် ရေကန်များ ခန်းခြောက်ကုန်သည်။ နွေရာသီရောက်လျှင် သောက်သုံးရေအခက်အခဲ ကြုံရတော့သည်။ စိုက်ပျိုးရေအတွက်ကတော့ ဝေလာဝေးဟု ဆိုရမလောက်ပင် တစ်ချိန်သောအခါက ကြုံခဲ့ကြရသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

မကွေးတိုင်း ပခုက္ကူမြို့နယ် ကြီးရွာမြစ်ရေတင်စီမံကိန်းမှ လယ်ယာမြေဧက ၅၀၀၀အတွက် ဧရာဝတီမြစ်ရေများကို သံပိုက်လုံးကြီးများဖြင့် ဤသို့စုပ်ယူသယ်တင်ကာ စိုက်ပျိုးရေ ပေးဝေလျက်ရှိသည်။

ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မဂ်လာတောင်ညွန့်)

သတင်းခရီးသည်	- မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း	- မျိုးမင်းသိန်း (မရမ်းကုန်း)
စာမျက်နှာဖွဲ့စည်းမှု	- မိုးမိုးအောင် (မြန်မာ့အလင်း)

စက်မှုတစ်ခေတ်ဆန်းသစ်လာသော ကျောက်ဆည်မြေမှ မြင်ကွင်းသစ်



စက်ဘီးစက်ရုံ(ကျောက်ဆည်)မှ ထုတ်လုပ်ထားသော အရည်အသွေးမီ လျှပ်စစ် စက်ဘီးများကို ဤသို့တွေ့ခဲ့ရသည်။

ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း (မရမ်းကုန်း)

နေပြည်တော် နိုဝင်ဘာ ၃၀

နိုင်ငံတော်က အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွန်းလာစေရန်နှင့် ပြည်ပသွင်းကုန် အစားထိုးနိုင်ရန် ရည်ရွယ်ပြီး စက်မှုနယ်မြေများထူထောင်လျက် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ပေးလျက်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၃ ■

ဂန့်ဂေါမြို့နယ် ရှုံးရှိကျေးရွာ အထက နံ့ရံကပ်စာစောင်နှင့် ဉာဏ်စမ်းသုတ ပြိုင်ပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃၀

ဂန့်ဂေါမြို့နယ် ရှုံးရှိကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၏ ဖူးပွင့်ဝေစာကြည့်တိုက်ကော်မတီမှ ကြီးမှူး၍ (၁၅)ကြိမ်မြောက် နံ့ရံကပ်စာစောင်ဖွင့်ပွဲကို နိုဝင်ဘာ ၂၇ရက်က ကျောင်းရှေ့မြက်ခင်းပြင်၌ကျင်းပရာ ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင်၊ မြို့နယ်ပညာရေးမှူး ဦးသိန်းဝင်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြတ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆုချီးမြှင့်

ဆက်လက်၍ (၁၄)ကြိမ်မြောက် ဉာဏ်စမ်းသုတပြိုင်ပွဲ ဆုပေးပွဲကို ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးက ပြိုင်ပွဲကျင်းပခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဉာဏ်စမ်းသုတပြိုင်ပွဲတွင် ပထမဆုရ မဖြိုးဖြိုးအောင်(န၀မတန်း-အေ)၊ ဒုတိယဆုရ မနှင်းအိဖြိုး (အဋ္ဌမတန်း-အေ)၊ တတိယဆုရ မခိုင်ညိုသိန်း (သတ္တမတန်း-အေ)နှင့် နှစ်သိမ့်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ *(သတင်းစဉ်)*

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် ဒီဇင်ဘာ ၁ ရက်)

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တိုက်ဖျက်ရေး တိုင်းရင်းသားပြည်သူများ နိုင်ငံတော်နှင့်အတူ လက်တွဲပါဝင်

ခုခံအားကျဆင်းမှုရောဂါ ကာကွယ်တိုက်ဖျက်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံရသူများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ရည်ရွယ်၍ နှစ်စဉ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားများကို နိုင်ငံအသီးသီးတွင် ကျင်းပကြသည်။

မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းကို အမျိုးသားရေးအသွင်နှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၁၉၈၉ခုနှစ်တွင် အမျိုးသားကျန်းမာရေးကော်မတီ၏လမ်းညွှန်ချက်များနှင့်အညီ ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ကျန်းမာရေးဝန်ကြီးဌာန၊ နီးနွယ်သောဝန်ကြီးဌာနများနှင့် ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

အေအိုင်ဒီအက်စ်ရောဂါဆိုးကြီးသည် ကမ္ဘာ့နိုင်ငံအားလုံး၏ လူသားမျိုးနွယ်တစ်ရပ်လုံးကို ခြိမ်းခြောက်လျက်ရှိသော ရောဂါဆိုးကြီးဖြစ်ပြီး ကုသနိုင်စွမ်းမရှိသော ထိုရောဂါကို မဖြစ်ပွားရန် ဝိုင်းဝန်းကာကွယ်ရန်မှတစ်ပါး အခြားနည်းလမ်းမရှိပါချေ။

အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံရခြင်း၏ ရောဂါဖြစ်စဉ်သဘောသဘာဝမှာ လူအများလက်မခံသည့် အပြုအမူများနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပတ်သက်ဆက်နွယ်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ယင်းရောဂါကို အမျိုးသားရေးအသွင်နှင့် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး ကုလသမဂ္ဂခုခံအားကျဆင်းမှုအဖွဲ့က မြန်မာနိုင်ငံရောဂါဖြစ်ပွားမှုများမှာ ၂၀၀၀ပြည့်နှစ်က ဝဒသမ၉၄ ရာခိုင်နှုန်းရှိရာမှ ၂၀၀၇ခုနှစ်တွင် ဝဒသမ၆၇ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တရားဝင်ကြေညာခဲ့သည်။

နိုင်ငံတော်အစိုးရသည် ခုခံအားကျဆင်းမှုရောဂါကို လူအား၊ ငွေအားသုံးပြီး ရောဂါတိုက်ဖျက်လျက်ရှိရာ ၂၀၀၇ခုနှစ်က နိုင်ငံတော်အနေဖြင့် ငွေကျပ်၁၉၁ဒသမ၄သန်း ကျခံသုံးစွဲခဲ့ပေသည်။

ကျန်းမာရေးအသိအမြင်ကြွယ်ဝသော လူငယ်လူရွယ်များမှတစ်ဆင့် စုပေါင်းကာကွယ်ရန်နှင့် ပြည်သူများအတွင်း ပျံ့နှံ့စိမ့်ဝင်လာရန် စည်းရုံးဆောင်ရွက်ကြရမည်ဖြစ်ရာ ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများ၊ ကာတွန်းပြိုင်ပွဲများ ကျင်းပ၍ ကျန်းမာရေးအသိပညာပေးအဖြစ် စည်းရုံးဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပေရာ ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ဆောင်ပုဒ် "အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့၊ ခွဲခြားမှုကိုရှောင်ကြဉ်လို့၊ အားလုံးပူးပေါင်းဆောင်ရွက်စို့"အရ လူသားမျိုးနွယ်တစ်ရပ်လုံးကို ဖျက်ဆီးမည့် ယင်းရောဂါကို တိုင်းရင်းသားပြည်သူအပေါင်းက အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းလက်တွဲ ကာကွယ်တိုက်ဖျက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)
(၂-၁၂-၂၀၀၉)

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော် **(မောရသုတ်+ဝဋ္ဋသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်းဆောင်းပါး
၈:၁၀ နံနက်ခင်းတေးပဒေသာ
၉:၀၀ အစီအစဉ်ပြီး၏။
၁၀:၀၀ အမှတ်တရတေးလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၁၆) နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ ဆိုကြပျော်ရွှင်တေးသံစဉ် (၄၈) တေးပဒေသာ
၁၂:၀၀ စံတော်ချိန် နေ့လယ်ခင်းတေးပဒေသာ
၁၂:၂၅ ဇာတ်လမ်းပမာနားဆင်စရာ (ကိုကိုချစ်ဝဲလယ်)
၁၂:၄၅ တေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး
၁၆:၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇:၀၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (ကြက်သားကာလသားချက်နှင့် ခွေးတောက်ရွက်ဟင်းချို)
၁၇:၁၀ ခံစားနားဆင်မြန်မာတေးသံစဉ်
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ တေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်
၁၈:၂၀ ကျေးလက်ဇာတ်လမ်း (ရွှေရီသဲတဲ့ဖရဲ)
၁၈:၃၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၀၅ သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၁၉:၁၅ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (အကယ်ဒမီဇော်ဦး)
၁၉:၃၀ တေးပဒေသာ
၁၉:၄၀ ဝတ္ထုတိုခံစားမှု (အညာ)
၂၀:၀၀ ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
၂၀:၂၀ တေးပဒေသာ
၂၀:၅၀ ကျန်းမာရေးရာ သိကောင်းစရာ (အကျိုးရှိသော မီးဖိုချောင်သုံး အစားအစာများ) လူမှုရေးဦးတည်ချက်
၂၁:၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
၂၁:၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

အာရှသစ်ခွညီလာခံသို့ တက်ရောက်ရန် သစ်ခွပညာရှင်များ ဂျပန်သို့ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၃၀

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းမှ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် သစ်ခွပညာရှင် ဒေါက်တာစောလွင်နှင့် အသင်းဝင်ဦးကျော်ခိုင်တို့သည် ဂျပန်နိုင်ငံ အမျိုးသားသဘာဝနှင့် သိပ္ပံပြတိုက်၏အစီအစဉ်ဖြင့် ဂျပန်နိုင်ငံ ဆူကူဘားရုက္ခဗေဒဥယျာဉ်၌ ဒီဇင်ဘာ၅ရက်နှင့် ၆ရက်တို့တွင် ကျင်းပမည့် ပဉ္စမအကြိမ်မြောက် အာရှဒေသဆိုင်ရာ သစ်ခွများ ကာကွယ်ထိန်းသိမ်းရေး အပြည်ပြည်ဆိုင်ရာညီလာခံသို့ တက်ရောက်ပြီး မြန်မာ့သစ်ခွများဖြင့် ပညာပေးပြကွက်တစ်ကွက် ပြသပေးရန်၊ မြန်မာ့သစ်ခွများ အကြောင်းနှင့် မြန်မာ့သစ်ခွများ အသုံးပြုပုံအမျိုးမျိုးအကြောင်း စာတမ်းနှစ်စောင်ကို တင်ပြဆွေးနွေးရန်အတွက် ဂျပန်နိုင်ငံသို့ နိုဝင်ဘာ ၃၀ရက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(ပန်းဝါသနာရှင်အသင်း)**

ဖျာပုံ-ဘိုကလေးမော်တော်ကားလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်

ဖျာပုံ နိုဝင်ဘာ ၃၀

ဖျာပုံခရိုင် ဆောက်လုပ်ရေးလုပ်ငန်းမှ အနီးကပ်ကြီးကြပ်လျက် နိုဝင်ဘာ ၁၀ရက်မှစ၍ ဖျာပုံ-ဘိုကလေးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

ကြီးကြပ်ဆောင်ရွက်

လမ်းအတွက် လိုအပ်နေသော လမ်းခင်းကျောက်များနှင့် ကတ္တရာပုံးများ ဖျာပုံဆိပ်ကမ်းသို့ ထပ်မံရောက်ရှိလာရာ **(အပေါ်ပုံ)** အဆိုပါလမ်းအား ဆောလျင်စွာပြီးစီးရေးအတွက် ဖျာပုံခရိုင် ဆောက်လုပ်ရေးလုပ်ငန်းမှ ခရိုင်အင်ဂျင်နီယာမှူးနှင့် အင်ဂျင်နီယာများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ **(ခရိုင် ပြန်/ဆက်)**

မြဝတီ ရုပ်မြင်သံကြား

၁-၁၂-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လျှပ်တစ်ပြက်
၄:၁၅ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅ ၅။ အင်္ဂလိပ်စာသုတ
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၁၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၂။ လျှပ်တစ်ပြက်
၆:၄၀ ၁၃။ ကလေးတို့ကမ္ဘာ
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်ထဲကပန်းတစ်ပွင့်** (အပိုင်း-၂၄)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု စက်မှုဂုဏ်ရောင် ပြည့်ကျိုးဆောင်
၂၀။ ဟာသရုပ်စုံ
၂၁။ ဗွီစီဒီကျော်ကြားတေးများ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လူငယ်ပေါင်းချိန်**(တတိယတွဲ) (အပိုင်း-၃၁)

ရေဗ္ဗာမြို့၌ စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေးပွဲကျင်းပ

ရေဗ္ဗာ နိုဝင်ဘာ ၃၀

ရေဗ္ဗာမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၈ရက် နံနက် ၁၀နာရီက စာကြည့်တိုက်ခန်းမ၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဟာထန်းက နိုင်ငံတော်သစ် တစ်ခေတ်ပြောင်းနေသော သမိုင်းမော်ကွန်း(၁)ကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ဦးဖုန်းလင်က နိုင်ငံတော်သစ် တစ်ခေတ်ပြောင်းနေသော သမိုင်းမော်ကွန်း(၂)ကိုလည်းကောင်း ဖတ်ကြားဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်စုဆောင်း

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်လမ်းများကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိရာ လိပ်ကျစုန်းပေါ်အိုင် - ရုပ်ကျား ကျေးလက်ကျောက်ချောလမ်း ဆောင်ရွက်ရန်အတွက် ကျောက်များ စုဆောင်းထားရှိမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပညာရည်ချွန်ဆု

နိုဝင်ဘာ ၂၉ရက်က အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာ မူလတန်းကျောင်း (ဗဟို)တွင် ကျင်းပသည့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းနွယ်က စတုတ္ထတန်း၌ မြို့နယ် ဘက်စုံထူးချွန်ဆုရရှိသူ မောင်အောင်ခန့်ဘိုဘိုအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် နိုဝင်ဘာ ၃၀

၂၀၀၉ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲများကို ယနေ့ ညနေပိုင်းတွင် သတ်မှတ်ထားသည့်ဇုန်များ၌ ဆက်လက်ကျင်းပရာ (က)အုပ်စု ရပခဇုန်(တောင်ကြီး)၌ နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (ဂ)အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်အသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့သည် ဂိုးမရှိသရေဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)၌ တပ်မတော်(ရေ)အသင်းက အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (က)အသင်းက အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန် (မုံရွာ)၌ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းက တပ်မတော်(လေ) အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (ခ)အသင်းကို ခုနစ်ဂိုး- ဂိုးမရှိဖြင့် လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန် (တောင်ငူ)၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းက အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ် အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (ခ) အသင်းကို လေးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

● *ကျောဖုံးမှ*

မြစ်ကြီးနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဟုတ်စွန်က လေဆိပ်တွင် လာရောက်ကြိုဆိုခေါ်ဆောင်ကာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းလွင်ထံသို့ ခရီးရောက်မဆိုက် သွားရောက်တွေ့ဆုံခဲ့ရာ ''မြစ်ကြီးနားခရိုင်ဟာ ကချင်ပြည်နယ်မှာရှိတဲ့ ခရိုင်လေးခုအနက် နယ်မြေဒေသအကျယ်ပြန့်ဆုံးဖြစ်ပြီး ကချင်ပြည်နယ်ကို စပါးအထွက်တိုးဖို့ ဆောင်ရွက်ရာမှာ မြစ်ကြီးနားခရိုင်အနေနဲ့ အစွမ်းကုန်ဆောင်ရွက်နေပါတယ်။ ယခုနှစ် ခရိုင်အတွင်း လျာထားစပါး ၂၁၂၃၃၇ဧကအနက် ယခုအခါ ၁၆၄၆၃၈ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။ ကျန်ဧကများလည်း ဆက်လက်စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်'' ဟု ဦးစွာ ရှင်းပြသည်။

ဖွဲ့စည်းထား

မြစ်ကြီးနားခရိုင်တွင် မြစ်ကြီးနား၊ ဝိုင်းမော်၊ အင်ဂျန်းယန်၊ တနိုင်း၊ ချီဖွေ၊ ဆော့လော်မြို့နယ်များနှင့် ဆင်ဘို၊ ဆဒုံး၊ ရှင်ဗွေယန်မြို့များပါဝင်ပြီး ရပ်ကွက် ၅၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၁၅ အုပ်စု၊ ကျေးရွာပေါင်း ၈၅၃ရွာဖြင့် ဖွဲ့စည်းထားသည်။ မြစ်ကြီးနားမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ၄၇၆ပေမြင့်ကာ ဆော့လော်မြို့သည် ၄၂၄၃ပေမြင့်သည်။

တည်ရှိ

မြစ်ကြီးနားခရိုင်၏ အရှေ့ဘက်တွင် တရုတ်နိုင်ငံ၊ တောင်ဘက်တွင် ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်၊ အနောက်ဘက်တွင် မိုးညှင်းခရိုင်၊ မိုးကောင်းမြို့နယ်၊ ဖားကန့်မြို့နယ်၊ စစ်ကိုင်းတိုင်း၊ နန့်ယွန်းမြို့နယ်၊ မြောက်ဘက်တွင် ပူတာအိုခရိုင်၊ ဆွမ်ပရာဘွမ်မြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်တို့ တည်ရှိကြသည်။

မြစ်ကြီးနားခရိုင်သည် အရှေ့နှင့် မြောက်ဘက်တွင် ထူထပ်သော တောများဖြင့် အုံ့ဆိုင်းနေသည့် တောင်ကုန်းတောင်တန်းများ၊ တောင်ဘက်တွင် မြစ်ဝှမ်းလွင်ပြင်ဒေသနှင့် အနောက်မြောက်ဘက်တွင် မြေပြန့်လွင်ပြင်ဒေသတို့ ပေါင်းစပ်တည်ရှိထားသော ခရိုင်တစ်ခုဖြစ်ပြီး မြစ်ကြီးနားမြို့၏ မြောက်ဘက် ၂၈မိုင်အကွာတွင် မေခမြစ် (အင်မိုင်ခ)နှင့် မလိခမြစ်တို့ပေါင်းဆုံလျက် မြန်မာပြည်၏ အသက်သွေးကြောဖြစ်သည့် မြောက်မှ တောင်သို့ ရှည်လျားစွာ စီးဆင်းနေသော ဧရာဝတီမြစ်ကြီး စီးဆင်းနေရာ တောတောင်များ၊ ဒေသထွက်ကုန်များ၊ သဘာဝ မြစ်ကြီးများဖြင့် ကချင်ပြည်နယ်သည် လှချင်တိုင်း လှနေပေတော့သည်။

စပါးစိုက်ခင်း

ထိုမှတစ်ဆင့် ခရိုင်အတွင်းရေးမှူး ဦးဟုတ်စွန်၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးတူးမိုင်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးတင်ထွန်းတို့အဖွဲ့နှင့်အတူ မြစ်ကြီးနား တပ်ကုန်းရပ်ကွက်ရှိ မြို့ဝင်စံပြဧက ၅၀၀ စပါးစိုက်ခင်းသို့ သတင်းခရီးသည် ရောက်ခဲ့ရာ မျက်စိတစ်ဆုံး စိမ်းစိုနေသော စပါးဧက ၁၂၀က လေအဝှေ့မှာ ဘယ်သွဲ့ကာ ညာယိမ်းပြီး ကြိုဆိုနေသည်။

စံပြဧက ၅၀၀ကွင်းစပ်တွင် စိုက်ပျိုးထားသော ၇၅ရက်သာ သက်တမ်းရှိသေးသည့် ဆင်းဧကရီ မျိုးစပါးပင်များမှာ အသီးများ ဝေဆာနေသည်။ မြို့နယ်မြေစာရင်းမှူး ဦးတင်ထွန်းက ၂၀၀၈-၂၀၀၉ခုနှစ်တွင် မြို့နယ်အတွင်း မိုးစပါး ၃၇၄၁၃ဧက စိုက်ပျိုးရာ ၂၆၇၁၉၃၂တင်း ထွက်ရှိပြီး တစ်ဧကအထွက်နှုန်းမှာ ၇၁ ဒသမ ၄၂တင်း ဖြစ်ကြောင်း၊ မြို့ဝင်ဧက ၅၀၀ကို မန်ခိန်၊ တပ်ကုန်း၊ စီတာပူ ရပ်ကွက်များရှိ တောင်သူ ၂၀၀တို့က စိုက်ပျိုးရာ ၂၀၀၈-၂၀၀၉ခုနှစ်တွင် တစ်ဧက ၈၆ဒသမ ၈၇တင်းနှုန်း ထွက်ရှိပြီး ဒေသဆန်ဖူလုံမှုမှာ ၈၃ရာခိုင်နှုန်း ဖြစ်ကြောင်း ရှင်းပြသည်။

မြစ်ကြီးနားခရိုင်အတွင်းရှိ မြို့နယ်များသည် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ကချင်ပြည်နယ်ကို မိုးစပါးအထွက်တိုးရန် ဦးတည်ဆောင်ရွက်လျက်ရှိသည်။ မြစ်ကြီးနားမြို့နယ်တွင် ၄၅၁၄၁ ဧကလျာထားရာ ၄၅၁၄၁ ဧက၊ ဆင်ဘိုမြို့တွင် ၈၂၁၄ဧကလျာထားရာ ၁၈၂၁၄ဧက၊ ဝိုင်းမော်မြို့နယ်တွင် ၆၁၁၂၃ဧက လျာထားရာ ၆၆၀၁၈ ဧက၊ ဆဒုံးမြို့နယ်တွင် ၄၇၆၅ဧက လျာထားရာ ဧက ၄၄၇၀၊ တနိုင်းမြို့နယ်တွင် ၂၅၉၆၅ဧက လျာထားရာ ၅၄၆၀၆ ဧက၊ ရှင်ဗွေယန်မြို့တွင် ၂၄၃၈ဧက လျာထားရာ ၂၅၃၇ဧက၊ ချီဖွေမြို့နယ်တွင် ၉၄၈၃ဧက လျာထားရာ ၉၄၈၃ဧက၊ ဆော့လော်မြို့နယ်တွင် ၄၈၄၂ဧက လျာထားရာ ၄၈၄၂ဧက၊ အင်ဂျန်းယန်မြို့နယ်တွင် ၆၆၇၉ဧက လျာထားရာ ၇၀၂၆ဧက စိုက်ပျိုးကြမည် ဖြစ်သည်။

ယခုအခါ ခရိုင်အတွင်း ဆင်းဧကရီ-၃၊ မော်ဘီ-၂၊ ဆင်းနွယ်ရင်၊ ရွှေဝါထွန်း၊ လုံးသွယ်မွှေး၊ ဧရာမင်း စသည့် အထွက်ကောင်းမိုးစပါးများကို စိုက်ပျိုးပြီးဖြစ်ရာ အထွက်ကောင်းအသုံးပြုမှုရာနှုန်း စိုက်ဧကအပေါ် ၉၃ရာခိုင်နှုန်းရှိသည်ကို မြင်တွေ့ခဲ့ရသည်။

နွေစပါး

မိုးစပါးသာမက နွေစပါးကိုလည်း ရေရရှိသည့် နည်းလမ်းများ ရှာဖွေလျက် ၂၀၀၈-၂၀၀၉ခုနှစ်တွင် ၄၃၃၈ဧက စိုက်ပျိုးရာ ၁၈၆၄၅၁တင်း၊ တစ်ဧက ၆၁ ဒသမ ၁၃တင်း ထွက်ရှိခဲ့သည်။ ၂၀၀၉-၂၀၁၀ခုနှစ် ခရိုင်အတွင်း သီးနှံ အမယ်သစ် လက်ဖက် ၁၂၈၂ဧက၊ ကော်ဖီ ၁၅၃၇ ဧက၊ ဂျတ်ကောင်း ၇၃၆၀ဧက စိုက်ပျိုးပြီးစီးနေပေပြီ။

ပိုမိုစိုက်ပျိုးနိုင်

စုစုပေါင်း လျာထားဧက ၁၆၈၂၅၀ ဖြစ်ပြီး ၂၁၂၃၃၇ဧက စိုက်ပျိုးမည်ဖြစ်ရာ လျာထားချက်ထက် ၄၄၀၈၇ဧက ပိုမိုစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အစေ့ထုတ်ပြောင်း ၁၄၅၆၆ ဧက၊ မြေပဲ ၂၃၈ဧက၊ နှမ်း ၁၅၉၁ဧက၊ ပဲစင်းငုံ ၄၀၈ဧက၊ ကြံဧက ၁၁၈၀၊ ဝါ ၁၁ဧကကို ဒေသခံ တိုင်းရင်းသားလယ်သမားများက အောင်မြင်စွာ စိုက်ပျိုးခဲ့ပြီး စိုက်ပျိုးရန်ကျန်ရှိသည့် အစေ့ထုတ်ပြောင်းဧက၉၀၊ နေကြာဧက ၄၁၀၊ ပဲစင်းငုံ ၃၁ဧက၊ မတ်ပဲ ၁၄၇ဧက၊ ပဲတီစိမ်း ၁၀၅ဧက၊ ကြံ ၃၅ဧကကိုလည်း ဆက်လက်စိုက်ပျိုးရန် ကြိုးပမ်းလျက်ရှိသည်။

“ လျာထားစပါး ၂၁၂၃၃၇ဧကအနက် ယခုအခါ ၁၆၄၆၃၈ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။ ကျန်ဧကများလည်း ဆက်လက် စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်”

ဦးမင်းလွင်
ဥက္ကဋ္ဌ၊ မြစ်ကြီးနားခရိုင်
အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

လျာထားချက်

ခရိုင်အတွင်း နှစ်ရှည်ရော်ဘာ ၂၀၀၉-၂၀၁၀ခုနှစ်အတွင်း ၁၆၁၃၅ဧက စိုက်ပျိုးရန်လျာထားရာ ဧက၁၈၂၉၀ စိုက်ပျိုးထားသဖြင့် လျာထားချက်ထက် ၁၁၃ဒသမ ၃၆ရာနှုန်း အောင်မြင်စွာ စိုက်ပျိုးနိုင်ပြီး ကျန်ရှိသော ၂၁၁၁ဧကကို ဆက်လက်စိုက်ပျိုးလျက်ရှိသည်။

အသိစိတ်ဓာတ်

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်ဦးဆောင်ကာ ကချင်ပြည်နယ်ကို စပါးနှင့် သီးနှံများ အထွက်တိုးရန် ဦးတည်စိုက်ပျိုးလျက်ရှိရာ မြစ်ကြီးနားခရိုင်အတွင်းရှိ ဒေသခံ တောင်သူလယ်သမားများ၏ နိုးကြားသည့် အသိစိတ်ဓာတ်ကြောင့်ပင် အောင်မြင်မှုရရှိနိုင်မည်မှာ မလွဲကေန်ဖြစ်ပါတော့သည်။ ။

(မြန်မာ့အလင်း)

ကြဲပက်

တနိုင်းမြို့နယ် တိန်ကောက် စပါးခင်းတွင် ၂၀၀၈-၂၀၀၉ခုနှစ်၌ ဤသို့ စပေါင်းတမန်းခင်းပေါင်းလိုက် ဓာတ်မြေသြဇာကြဲပက်ခြင်း ပြုလုပ်ကြသည်။ (မြန်မာ့အလင်း)

မြစ်ကြီးနားမြို့ မြို့အဝင် စံပြစပါးစိုက်ခင်း ဧက ၅၀၀မှ ဧက ၁၂၀ကို ဤသို့ မျက်စိတစ်ဆုံး အောင်မြင်ဖြစ်ထွန်းနေသည့် စပါးများကို အားရဖွယ် တွေ့ရသည်မှာ....။ (မြန်မာ့အလင်း)



ကချင်ပြည်နယ်ကို စပါးနှင့်သီးနှံများ အထွက်တိုးရန် ဦးတည်စိုက်ပျိုးလျက်ရှိရာ မြစ်ကြီးနားခရိုင်အတွင်းရှိ ဒေသခံတောင်သူလယ်သမားများ၏ နိုးကြားသည့် အသိစိတ်ဓာတ်ကြောင့်ပင် အောင်မြင်မှုရရှိနိုင်မည်မှာ မလွဲကေန်ဖြစ်။

ပါကစ္စတန်၌ နျူကလီးယားဆိုင်ရာအာဏာ ဝန်ကြီးချုပ်အား လွှဲပြောင်းပေးအပ်

အစ္စလမ္မာဘတ် နိုဝင်ဘာ ၃၀

ပါကစ္စတန်သမ္မတ အဆစ်အလီဇာဒါရီသည် ပါကစ္စတန် နျူကလီးယားလက်နက်တိုက် ကွပ်ကဲထိန်းချုပ်မှုကို နိုဝင်ဘာ ၂၈ရက်က စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ပါကစ္စတန်သမ္မတ၏အုပ်ချုပ်မှု ပိုမိုအားနည်းသွားစေပြီး တာလီဘန်တို့အပေါ် တိုက်ခိုက်နေသည့်စစ်ပွဲ ခက်ခဲ ရှုပ်ထွေးနေခြင်းမှ ဖိအားပေးလာမှုကို ရှောင်ရှားရန် ကြိုးပမ်းသည့်အနေဖြင့် ယင်းကဲ့သို့ စွန့်လွှတ်လိုက်ခြင်းဖြစ်သည်ဟု ပါကစ္စတန်မီဒီယာများကဖော်ပြသည်။

လွှဲပြောင်းပေးအပ်

ပါကစ္စတန်သမ္မတ ဇာဒါရီသည် ပါကစ္စတန်အမျိုးသားကွပ်ကဲရေး အာဏာပိုင် (အင်န်စီအေ)ဥက္ကဋ္ဌအာဏာကို သူ့ဆန္ဒအရ စွန့်လွှတ်လိုက်ကြောင်း၊ အင်န်စီအေသည် နျူကလီးယားလက်နက်ရေးရာနှင့် ပတ်သက်၍ တာဝန်ရှိသည့်အဖွဲ့ဖြစ်ကြောင်း အကဲခတ်သမားများနှင့် ရှေ့နေများက အတည်ပြုပြောကြားသည်။

ယင်းနျူကလီးယား ကွပ်ကဲထိန်းချုပ်မှုအာဏာကို ပါကစ္စတန်ဝန်ကြီးချုပ် ယူစွပ်ရာဇာဂီလာနီအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်းသိရသည်။

(အင်တာနက်)

အီရတ်၌အကြမ်းဖက်မှု နှစ်ဦးသေဆုံး

ဘာကူဘာ နိုဝင်ဘာ ၃၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ဒီယာလာပြည်နယ်၌ နိုဝင်ဘာ ၂၉ ရက်ကဖြစ်ပွားသော အကြမ်းဖက်မှုများအတွင်း လက်နက်ကိုင်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားတစ်ဦး သေဆုံးပြီး အခြားသုံးဦး ဒဏ်ရာရရှိကာ ရှစ်ဦးအား ဖမ်းဆီးရမိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒဏ်ရာရရှိ

ဘာကူဘာမြို့အနောက်မြောက်ဘက် ၁၆ ကီလိုမီတာအကွာရှိ အယ်လ်-ဂါဘီရာမြို့ စစ်ဆေးရေးဂိတ်၌ လမ်းဘေးဗုံးပေါက်ကွဲသဖြင့် လက်နက်ကိုင်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားနှစ်ဦးဒဏ်ရာရရှိသည်။ ရှစ်ဖ်ဆာအစ်ကျေးရွာ၌ ကားတစ်စီး လမ်းဘေးဗုံးနင်းမိသဖြင့် အရပ်သားတစ်ဦးသေဆုံးပြီး အခြားတစ်ဦးဒဏ်ရာရရှိသည်။

ဖမ်းဆီးရမိ

အီရတ်လုံခြုံရေးတပ်ဖွဲ့က ဒီယာလာပြည်နယ်အတွင်း၌ စစ်ဆင်ရေးပြုလုပ်နေစဉ်အတွင်း မသင်္ကာသူရှစ်ဦးနှင့် လမ်းဘေးဗုံးများအပါအဝင် လက်နက်ခဲယမ်းများကို သိမ်းဆည်းရမိကြောင်း သိရသည်။

(အင်တာနက်)

အာဖဂန်နစ္စတန်ဆိုင်ရာ ညီလာခံ ဗြိတိန်အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

လန်ဒန် နိုဝင်ဘာ ၃၀

ဗြိတိန်နိုင်ငံသည် ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင်ကျင်းပမည့် အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း၊ ယင်းညီလာခံ၌ နိုင်ငံတကာ မဟာမိတ်အဖွဲ့ဝင်နိုင်ငံများက အာဖဂန်နစ္စတန်နိုင်ငံ ထိန်းချုပ်ကွပ်ကဲရေးကိစ္စကို ဒေသဆိုင်ရာ အာဏာပိုင်များလက်သို့ ပြန်လည်လွှဲပြောင်းပေးမည့်အစီအစဉ်ကို ဆွေးနွေးကြလိမ့်မည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်ရုံးက နိုဝင်ဘာ ၂၈ ရက်တွင်ကြေညာသည်။

မြှင့်တင်

အဆိုပါညီလာခံကျင်းပနေစဉ်အတွင်း မိမိတိုင်းပြည်၏ စစ်တပ်၊ ရဲနှင့်ဒေသဆိုင်ရာ အုပ်ချုပ်ရေးကိစ္စတို့တွင် စွမ်းရည်မြှင့်တင်ပေးသွားရန် အာမခံရမည်ဟု အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းအား ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းက ပြောကြားသည်။

(အင်တာနက်)

ဆန်းသစ်တီထွင်မှု ပြပွဲ

တရုတ်နိုင်ငံ ပေကျင်းမြို့၌ စတုတ္ထအကြိမ်မြောက် ပေကျင်းယဉ်ကျေးမှုနှင့် ဆန်းသစ်တီထွင်မှုပြပွဲတွင် ပါဝင်ပြသထားသည့် ကားပုံစံငယ်ကို နိုဝင်ဘာ ၂၉ ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသော အိန္ဒိယနယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၏ ဆိုင်ကယ်စီး စွမ်းရည်ပြကွက်ကို နိုဝင်ဘာ ၂၉ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ခရီးသည်တင်ယာဉ် တရုတ်၌ မီးလောင် ၁၀ ဦး သေဆုံး

ဟာဘင် နိုဝင်ဘာ ၃၀

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဟေလုံကျန်ပြည်နယ်၌ ခရီးသည်တင်ယာဉ်တစ်စင်း မီးလောင်သဖြင့် ခရီးသည် ၁၀ဦး သေဆုံးသွားကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

မီးလောင်မှုဖြစ်ပွား

အဆိုပါယာဉ်ပေါ်၌ ခရီးသည် ၁၇ဦး လိုက်ပါလာပြီး ယာဉ်မောင်းက မော်တော်ယာဉ်ကို စစ်ဆေးရန် ယာဉ်ရပ်တန့်၍ အဖုံးဖွင့်စဉ် မီးလောင်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

စုံစမ်းစစ်ဆေး

ဖြစ်စဉ်ကို စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု သိရသည်။ **အမ်အင်န်အေဆင်ဟွာ**

အီရန်နျူကလီးယားအစီအစဉ် အိုင်အေအီးအေပြစ်တင်

ဝါရှင်တန် နိုဝင်ဘာ ၃၀

အီရန်နိုင်ငံ၌ ဖော်ဒိုအမည်ရှိ ယူရေနီယံသန့်စင်စက်ရုံ တည်ဆောက်မှုနှင့်ပတ်သက်၍ ပြင်းထန်စွာပြစ်တင်ရှုတ်ချသွားရန် ကုလသမဂ္ဂ နျူကလီးယား စောင့်ကြည့်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို အမေရိကန်ပြည်ထောင်စုနှင့် အစ္စရေးနိုင်ငံတို့က ကြိုဆိုလိုက်သည်။

မိမိတို့သည်းခံမှုနှင့် နိုင်ငံတကာ၏ သည်းခံနိုင်မှု အတိုင်းအတာသည် အကန့်အသတ်ရှိကြောင်း၊ သည်းခံနိုင်သည့်အချိန်ကုန်ဆုံးနေပြီဖြစ်ကြောင်း အိမ်ဖြူတော် ပြောခွင့်ရပုဂ္ဂိုလ်ရောဘတ်ဂစ်က အီရန်နိုင်ငံကို ပြင်းပြင်းထန်ထန် သတိပေးရာတွင် ထည့်သွင်းပြောကြားသည်။

ကြေညာ

အကယ်၍ အီရန်နိုင်ငံအနေဖြင့် ယင်း၏တာဝန်ကို မထမ်းဆောင်ဘဲ ပျက်ကွက်လျှင် အထီးကျန်ဘဝကို တစ်နေ့တခြားတိုး၍ ရောက်ရှိသွားလိမ့်မည်ဟုလည်း မစ္စတာဂစ်က ပြောကြားသည်။ အီရန်နိုင်ငံအား ဆန့်ကျင်ရှုတ်ချသည့် ဆုံးဖြတ်ချက်ကို နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)က ချမှတ်ခဲ့ပြီးနောက် နာရီပိုင်းအတွင်းတွင် မစ္စတာဂစ်က ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ယူရေနီယံသန့်စင်ရေးလုပ်ငန်းကို ရပ်တန့်ရန်နှင့် အသစ်ဖွင့်ဟကြေညာလိုက်သည့် ဖော်ဒိုနျူကလီးယားစက်ရုံ တည်ဆောက်မှုကို ချက်ချင်းရပ်တန့်ရန် အီရန်နိုင်ငံကို အိုင်အေအီးအေ၏ ဆုံးဖြတ်ချက်တွင် ထည့်သွင်းတောင်းဆိုထားသည်။

ထုတ်ပြန်

အီရန်နိုင်ငံနှင့်ပတ်သက်၍ အိုင်အေအီးအေဘုတ်အဖွဲ့ အစည်းအဝေးက ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်ကို အစ္စရေးနိုင်ငံကလည်း ကြိုဆိုကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။ **အမ်အင်န်အေဆင်ဟွာ**

အလှမယ်

ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ ကျင်းပသည့် အလှမယ်ရွေးပွဲတွင် ရွေးချယ်ခြင်းခံရသည့် အလှမယ်တစ်ဦးအား နိုဝင်ဘာ ၂၉ ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ကားဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့၌ နိုဝင်ဘာ ၂၇ရက်က ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန် မရိန်းတပ်ဖွဲ့ဝင် ၉၀၀၀ အာဖဂန်နစ္စတန်သို့ ထပ်မံစေလွှတ်မည်

ဝါရှင်တန် နိုဝင်ဘာ ၃၀

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းသို့ အမေရိကန်စစ်ဘက်က မကြာမီ မရိန်းတပ်ဖွဲ့ဝင် ၉၀၀၀ ထပ်မံစေလွှတ်တော့မည်ဖြစ်ကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက နိုဝင်ဘာ ၂၉ရက်တွင် ဖော်ပြသည်။

ကြေညာ

အမေရိကန်သမ္မတ အိုဘားမားက အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ၄င်း၏စစ်ရေး မဟာဗျူဟာသစ်ကို ကြေညာပြီး ရက်အနည်းငယ်အကြာ ဟယ်လ်မန့်ပြည်နယ်၌ အမေရိကန်တပ်ဖွဲ့ဝင်များ ဖြန့်ကြက်မည်ဟု သတင်းစာက ဖော်ပြသည်။

ဖော်ပြ

မရိန်းတပ်ဖွဲ့ဝင်များ ဖြန့်ကြက်ပြီးနောက် အမေရိကန်စစ်သင်တန်းနည်းပြ ၁၀၀၀ ကိုလည်း လာမည့်နှစ် ဖေဖော်ဝါရီလ အစောဆုံးထား၍ စေလွှတ်မည်ဟု သတင်းစာက ဖော်ပြသည်။

(အင်တာနက်)

သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့

တိုး
ရေးသားသည်

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့(နမ်)ကို ဖွံ့ဖြိုးဆဲကမ္ဘာ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုအကျိုးစီးပွားများကို တင်ပြရန် ဦးတည်ချက်ဖြင့် ဖွံ့ဖြိုးဆဲ ၁၁၈နိုင်ငံဖြင့် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်သည်။ ဤအဖွဲ့တွင် လေ့လာသူအဖြစ် ၁၇နိုင်ငံလည်း ပါဝင်သည်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့(နမ်)ကို ၁၉၅၅ခုနှစ် ဧပြီလက အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့၌ ကျင်းပခဲ့သည့် အာရှ-အာဖရိကညီလာခံမှ စတင်ထူထောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ အာရှ-အာဖရိကညီလာခံသို့ အိမ်ရှင်အင်ဒိုနီးရှားနှင့် အိန္ဒိယ၊ မြန်မာ၊ အီဂျစ် စသည့် အာရှ-အာဖရိက ၂၉နိုင်ငံမှခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။ အဖွဲ့ကြီးကို စတင်ထူထောင်သူ ထိုခေါင်းဆောင်များက နယ်ချဲ့စနစ်၊ ကိုလိုနီစနစ်၊ ကိုလိုနီလက်သစ်စနစ်၊ လူမျိုးခွဲခြားမှုစနစ်နှင့် နိုင်ငံခြားကျူးကျော်မှု ပုံစံအားလုံးတို့ကို ဆန့်ကျင်ရာတွင်လည်းကောင်း၊ အင်အားကြီးနိုင်ငံနှင့် အုပ်စုနိုင်ငံရေးကို ဆန့်ကျင်တော်လှန်ရာတွင် လည်းကောင်း ဘက်မလိုက်အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံလွတ်လပ်ရေး၊ အချုပ်အခြာအာဏာပိုင်မှု နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးတို့ကို အဖွဲ့ကြီးက အာမခံရန်လည်း ရည်ရွယ်သည်။

ညီလာခံ

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့သည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ သုံးပုံနှစ်ပုံနီးပါးကို ကိုယ်စားပြုထားပြီး ကမ္ဘာ့လူဦးရေ၏ ၅၅ ရာခိုင်နှုန်း ပါဝင်ကိုယ်စားပြုသည့် အဖွဲ့အစည်းလည်း ဖြစ်သည်။

ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့တွင် သင်းဖွဲ့ စည်းမျဉ်းမရှိ၊ အမြဲတမ်းအတွင်းဝန်ရုံးလည်း မရှိပေ။ အမြင့်ဆုံးသော ဆုံးဖြတ်ချက် ချမှတ်နိုင်သည့် အဖွဲ့မှာ နိုင်ငံအကြီးအကဲများ သို့မဟုတ် အစိုးရအကြီးအကဲများ ညီလာခံပင်ဖြစ်သည်။ ယင်းညီလာခံကို သုံးနှစ်တစ်ကြိမ် ကျင်းပလေ့ရှိသည်။ ထိုအချိန်တွင် အိမ်ရှင်အဖြစ် လက်ခံသည့် နိုင်ငံက ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ သဘာပတိတာဝန်ကိုယူရသည်။ ထိုနိုင်ငံက အဖွဲ့ကြီး၏ လုပ်ဆောင်လည်ပတ်မှုကို တာဝန်ယူရသည်။ ဘက်မလိုက်လှုပ်ရှားမှု၏ လုပ်ငန်းအများအပြားကို ကုလသမဂ္ဂဌာနချုပ်တွင် ဆောင်ရွက်သည့်အတွက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ သဘာပတိနိုင်ငံမှ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီးက အဖွဲ့ကြီး၏ လုပ်ငန်းကိစ္စများကို အလေးပေး ဆောင်ရွက်ရသည်။

ကြေညာ

ကုလသမဂ္ဂဌာနချုပ်တွင်ရှိသော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့(နမ်)၏ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် အဖွဲ့ကြီး၏ ကော်မတီများ၊ လုပ်ငန်းအဖွဲ့များအတွက် လုပ်ငန်းလမ်းညွှန်သည့် ပင်မဌာနကြီးဖြစ်သည်။ ကုလသမဂ္ဂ ဌာနချုပ်၌ပင် အခြေခံတည်ရှိသည်။ အဖွဲ့ဝင်နိုင်ငံများသည် ကြီးငယ်မဟူ၊ သြဇာအာဏာ ရှိ မရှိ ဆုံးဖြတ်ချက်ချမှတ်ရာတွင် တန်းတူအခွင့်အရေးရှိကြောင်း ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့(နမ်)က ကြေညာသည်။

အရေးပါမှု

နိုင်ငံတကာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့(နမ်)၏ ထင်ရှားအရေးပါမှုမှာ မျက်မှောက်ခေတ် စိန်ခေါ်မှုများအပေါ် မည်သို့ထိရောက်စွာ တုံ့ပြန်အရေးယူဆောင်ရွက်ခြင်းက အဆုံးအဖြတ်ပေးမည် ဖြစ်ပါသည်။

ပျောက်ကွယ်

ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲချုပ်ငြိမ်းသွားကတည်းက စစ်အေးတိုက်ပွဲနှင့် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေးတည်းဟူသော ဘက်မလိုက်လှုပ်ရှားမှု၏ စိတ်ခွဲလမ်းမှုများ ပျောက်ကွယ်သွားရပြီး ယင်းတို့နေရာတွင် တစ်ကမ္ဘာလုံးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ကြွေးမြီ၊အေအိုင်ဒီအက်စ်ကပ်ရောဂါ၊ နိုင်ငံတကာရာဇဝတ်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး စသောအမျိုးထားစရာ ကိစ္စများက ဝင်ရောက် နေရာယူနေပြီ ဖြစ်သည်။

စီးပွားရေးမဖွံ့ဖြိုးမှု၊ ဆင်းရဲမွဲတေမှုနှင့် လူမှုရေးမညီမျှမှုများက ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ပိုမို ခြိမ်းခြောက်လာနေပြီဖြစ်ကြောင်းကိုလည်း ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့(နမ်)ကခွဲခြမ်းဖော်ထုတ်ပြနိုင်ပြီဖြစ်ပါသည်။ ။ **ကိုးကား-အင်တာနက်**

(၁၅)ကြိမ်မြောက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ညီလာခံကျင်းပခဲ့စဉ်။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(ယူအင်န်ဒီပီ)

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(ယူအင်န်ဒီပီ)ကို ဖွံ့ဖြိုးဆဲနိုင်ငံများအား ၎င်းတို့၏ သဘာဝအရင်းအမြစ်များနှင့် လူ့အရင်းအမြစ်များအသုံးပြုခြင်းဖြင့် ထုတ်လုပ်ရေးစွမ်းအားများ မြှင့်တင်ပေးရေးကူညီရန် ကုလသမဂ္ဂ အထွေထွေညီလာခံက ၁၉၆၅ ခုနှစ်တွင် ထူထောင်ပေးသည်။ ယူအင်န်ဒီပီက ကုလသမဂ္ဂအထွေထွေညီလာခံကို တာဝန်ခံရသည်။

တာဝန်ယူ

ယူအင်န်ဒီပီ၏ အုပ်ချုပ်ရေးဘုတ်အဖွဲ့တွင် အာဖရိကမှ ရှစ်နိုင်ငံ၊ အာရှမှ ခုနစ်နိုင်ငံ၊ အရှေ့ဥရောပမှ လေးနိုင်ငံ၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယံမှ ငါးနိုင်ငံနှင့်တကွ အနောက်ဥရောပနှင့် အခြားနိုင်ငံများမှ ၁၂ နိုင်ငံ စုစုပေါင်း ၃၆ နိုင်ငံပါဝင်သည်။ အုပ်ချုပ်ရေးဘုတ်အဖွဲ့က ယူအင်န်ဒီပီနှင့် ကမ္ဘာ့လူဦးရေရန်ပုံငွေအဖွဲ့ (ယူအင်န်အက်ဖ်ပီအေ)တို့၏ လုပ်ငန်းများကို ကြီးကြပ်ပေးရသည့်အပြင် အစိုးရများ၏ ထောက်ခံမှုပေးရေးကို တာဝန်ယူရသည်။

ယူအင်န်ဒီပီ၏လက်အောက်တွင် အုပ်ချုပ်ရေးဘုတ်အဖွဲ့အပြင် အတွင်းရေးမှူးရုံးနှင့် ဒေသဆိုင်ရာ ရုံးများလည်းရှိသည်။

ဆောင်ရွက်ပေး

ယူအင်န်ဒီပီသည် နည်းပညာအကူအညီ၊ ရန်ပုံငွေများ ထောက်ပံ့ခြင်းဖြင့် ပြည်သူများ၏ဘဝမြှင့်တင်ရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စွမ်းဆောင်ရည်မြင့်မားရေးဆောင်ရွက်ရာတွင် နိုင်ငံပေါင်း ၁၅၀ ကျော်၌ စီမံကိန်းပေါင်း ၅၀၀၀ ကျော်ကို ဆောင်ရွက်ပေးသည်။

(အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ယူရေနီယံစက်ရုံသစ် ၁၀ရုံ အီရန်တွင် နှစ်လအတွင်းတည်ဆောက်မည်

မိမိတို့နိုင်ငံ၌ ယူရေနီယံစက်ရုံသစ် ၁၀ရုံကို တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ယင်းစက်ရုံများကို နှစ်လအတွင်း စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း အီရန်ရုပ်မြင်သံကြားဌာနမှ နိုဝင်ဘာ ၃၀ရက်တွင် သတင်းထုတ်လွှင့်သည်ကို အမ်အင်န်အေရိုက်တာသတင်းက ဖော်ပြသည်။

တရုတ်နိုင်ငံ ဟီနန်ပြည်နယ်၌ နှင်းများထူထပ်စွာကျဆင်း

တရုတ်နိုင်ငံ ဟီနန်ပြည်နယ်အလယ်ပိုင်း ရှန်ကွီမြို့၌ နိုဝင်ဘာ ၃၀ရက်က ဆီးနှင်းများ ထူထပ်စွာကျဆင်းခဲ့သဖြင့် ခရီးသွားလာရေး ပြတ်တောက်ပြီး ယာဉ်၊ ရထားများ ပြေးဆွဲမှုရပ်ဆိုင်းထားရကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

(အောက်ပုံ)

အစ္စရေး ရေတပ်သင်္ဘော ပါလက်စတိုင်းငါးဖမ်းစက်လှေအားပစ်ခတ်

ပါလက်စတိုင်းဂါဇာကမ်းလွန် အနောက်မြောက်ဘက်တွင် နိုဝင်ဘာ ၃၀ရက် နံနက်က အစ္စရေးရေတပ်သင်္ဘောတစ်စင်းက ပါလက်စတိုင်း ငါးဖမ်းစက်လှေတစ်စင်းကို ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက နိုဝင်ဘာ ၃၀ရက်တွင် ပြောကြားသည်။ **(အပေါ်ပုံ)**

ကနေဒါအနောက်ပိုင်း၌ ရုပ်ပြေးယာဉ်နှစ်စင်းတိုက်မိ

ကနေဒါနိုင်ငံအနောက်ပိုင်း ကမ်းလွန်ရှိ ဆာတူရာနာကျွန်းနှင့် ဗန်ကူးဗားကျွန်းကြားရေပြင်တွင် နိုဝင်ဘာ ၃၀ ရက် နံနက်က ရုပ်ပြေးယာဉ်နှစ်စင်းတိုက်မိခဲ့ရာ ခြောက်ဦးပျောက်ဆုံးလျက်ရှိကြောင်း ကနေဒါအရာရှိများက ပြောကြားသည်။

အမေရိကန်ရဲတပ်ဖွဲ့ဝင်လေးဦး ချုံခိုပစ်ခတ်ခံရပြီးသေဆုံး

အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်ရှိ ကော်ဖီဆိုင်တစ်ဆိုင်၌ အမေရိကန်ရဲတပ်ဖွဲ့ဝင်လေးဦးမှာ နိုဝင်ဘာ ၂၉ရက် နံနက်ပိုင်းက ချုံခိုသေနတ်ပစ်ခံရပြီး သေဆုံးသွားကြောင်း အမ်အင်န်အေဆင်ဟွာက ဖော်ပြသည်။

ဧဝရတ်တောင်ထိပ်၌ ကမ္ဘာ့ရာသီဥတုပူနွေးလာမှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည်

ကမ္ဘာ့ရာသီဥတုပူနွေးလာမှုဆိုင်ရာ နိုင်ငံတကာတွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို လာမည့်သီတင်းပတ်တွင် နီပေါနိုင်ငံရှိ ကမ္ဘာ့အမြင့်ဆုံးတောင်ထိပ်ဖြစ်သော ဧဝရတ်တောင်ပေါ်တွင် ကျင်းပမည်ဖြစ်ကြောင်း နီပေါအရာရှိများက နိုဝင်ဘာ ၃၀ရက်၌ ပြောကြားသည်။

ဆိုမာလီဓားပြများအား အီရန်ရေတပ်သင်္ဘောနှိမ်နင်း

အေဒင်ပင်လယ်ကွေ့တွင် အီရန်ငါးဖမ်းသင်္ဘောတစ်စင်းအား နိုဝင်ဘာ ၃၀ရက် နံနက်က အပိုင်စီးရန်ကြိုးစားသော ဆိုမာလီပင်လယ်ဓားပြများအား အီရန်ရေတပ်သင်္ဘောက ပစ်ခတ်နှိမ်နင်းခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

ပါကစ္စတန်ဝန်ကြီးချုပ် ဂျာမနီနှင့် ဗြိတိန်တို့သို့ အလည်အပတ်ထွက်ခွာ

ပါကစ္စတန်ဝန်ကြီးချုပ် ရာဇာဂီလာနီသည် ဂျာမနီနှင့် ဗြိတိန်နိုင်ငံများသို့ လေးရက်ကြာ အလည်အပတ်ခရီးအဖြစ် နိုဝင်ဘာ၃၀ရက်က ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့မှ ခရီးထွက်ခွာသွားကြောင်း သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာတန်ဖိုးကျဆင်းနေ တစ်ဒေါ်လာ ဂျပန်ယန်း ၈၆ဈေးနှုန်းပေါက်

ကမ္ဘာ့ဈေးကွက်၌ အမေရိကန်ဒေါ်လာဈေးနှုန်းများ ကျဆင်းလျက်ရှိရာ ဂျပန်ငွေကြေးဈေးကွက်၌ နိုဝင်ဘာ ၃၀ရက်က ဂျပန်ငွေ ၈၆ယန်းလျှင် အမေရိကန်တစ်ဒေါ်လာအထိ ကျဆင်းခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

(အင်တာနက်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃၀

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်၍ အမှာစကားပြောကြားရာ၌ တာဝန်ကျေပွန်စွာ ဆောင်ရွက်ရေး၊ လုပ်ငန်းများဆောင်ရွက်ရာ၌ ခြိုးခြံချွေတာ၍ အလေအလွင့်မရှိရေး၊ သတ်မှတ်ကာလအမီ ပြီးစီးရေး၊ စံချိန်စံညွှန်းကိုက်ညီရေး၊ မြန်မာ့မီးရထား၏ ရည်မှန်းချက်နှင့်အညီ ကုန်ပစ္စည်းများကို များများသယ်၊ မြန်မြန်ပို့နိုင်ရေး၊ ရထားလမ်းများကို ပြည်နယ်နှင့် တိုင်း တစ်ခုနှင့်တစ်ခု အမျိုးသားကွန်ရက်သဖွယ် သွားလာနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့က ဌာနများ၏ အားနည်းချက်များ၊ အားသာချက်များကို သုံးသပ်ဆွေးနွေးတင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းမှ ကျောင်းအုပ်ကြီးတို့က ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးတင်ပြကြသည်။

အမှာစကားပြောကြား

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထန်းတပင် အထက နှစ်(၅၀)ပြည့် ရွှေရတုသဘင် (၂၅)ကြိမ်မြောက် ငွေရတုမြတ်ဆရာပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၃၀

ပဲခူးတိုင်း ထန်းတပင်မြို့ အခြေခံပညာအထက်တန်းကျောင်း နှစ် (၅၀)ပြည့် ရွှေရတုသဘင်အခမ်းအနားကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၆ရက်(စနေနေ့)တွင် ကျင်းပ၍ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၅)ကြိမ်မြောက် ငွေရတုမြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပရေးကော်မတီက ကြီးမှူးလျက် အဆိုပါကျောင်းခန်းမ၌ ကျင်းပရန်စီစဉ်ထားသည်။

ဆက်သွယ်လှူဒါန်း

ရွှေရတုသဘင်နှင့် မြတ်ဆရာပူဇော်ပွဲများသို့ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ ဆရာမများအားလုံးနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုသူများသည် ဦးချိုဦး ဖုန်း-၀၅၄-၂၅၁၈၅၊ ဦးသက်တင်ထွန်း ဖုန်း-၀၅၄-၂၄၃၈၀၊ ဦးဇော်ဝင်း ဖုန်း-၀၅၄-၂၄၂၂၃၊ ဦးဝင်းတင် ဖုန်း-၀၉-၆၃-၀၀၉၆၀၊ ဦးမောင်မောင် (နှင်းဝတ်ရည်) ဖုန်း-၀၅၄-၂၅၂၂၃၊ ဦးနေမျိုးကျော် (ဆန်းသစ်လွင်) ဖုန်း-၀၅၄-၂၅၉၈၃နှင့် ဒေါ်မိုးမြတ်မြတ်မိုး (ရန်ကုန်) ဖုန်း-၀၁-၅၀၄၈၃၉၊ ၀၉-၅၁-၂၃၉၁၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၅၂)

ကျေးလက်လမ်း

လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်လျက်ရှိသော လက်သမား-နှမ်းကုန်းကျေးလက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇောလှ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးငွေလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ခရမ်း အထက (၁)၊ (၂) မြတ်ဆရာပူဇော်ပွဲကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၃၀

ရန်ကုန်တိုင်း ခရမ်းမြို့ အထက (၁)နှင့် အထက (၂) မြို့မကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ခရမ်းမြို့ သာသနာ့ဗိမာန်တော် သင်္ကျာရဇိန်သွန်းဘုရားကြီး၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

အသက် (၆၀)ကျော်ဆရာကြီး ဆရာမကြီးများ ကြွရောက်အပူဇော်ခံကြရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားပြီး အလှူငွေများကို ဦးရွှေ ဖုန်း-၀၉-၅၀-၀၇၁၆၂၊ ဦးသန်းငြိမ်း ဖုန်း-၀၉-၅၁-၀၉၄၃၁၊ ဦးမြင့်စိုး ဖုန်း-၀၉-၅၀-၄၀၇၇၃၊ ဦးသောင်းတင် ဖုန်း-၀၉-၈၆-၄၅၂၁၆၊ ဦးအောင်သန်းဝင်း ဖုန်း-၀၉-၅၁-၅၃၉၁၉၊ ဒေါ်ခင်အေးယု ဖုန်း-၀၁-၅၄၂၀၂၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

ရန်ကုန်မြို့မှ လိုက်ပါပူဇော်ခံမည့် ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများအား ရန်ကုန် ခရမ်းကားဂိတ် (အေဘီစီ-ရွှေခြသေ့်ကားဂိတ်)မှ ယင်းနေ့ နံနက် ၇နာရီတွင် စောင့်ကြိုပို့ဆောင်ပေးမည်ဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)

အစိုးရ အရာထမ်းများအတွက် အပြည်ပြည်ဆိုင်ရာ ဥပဒေသင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၃၀

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဂျီနီဗာမြို့ ကုလသမဂ္ဂလေ့ကျင့်ရေးနှင့် သုတေသနဌာန (ယူနီတာ)တို့ ပူးပေါင်းဖွင့်လှစ်သည့် အစိုးရအရာထမ်းများအတွက် အပြည်ပြည်ဆိုင်ရာ ဥပဒေသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ရှိ Summit Parkview ဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ် များနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် Mr.Bishow B.Parajuli၊ ယူနီတာမှ နည်းပြပါမောက္ခများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများမှ သင်တန်းသား သင်တန်းသူ ၃၀တို့ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Bishow B.Parajuli နှင့် တိုတယ်မြန်မာကုမ္ပဏီမှ General Manager, Mr. Nicolas Terraz တို့က သင်တန်းဖြစ်မြောက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ယူနီတာမှ တွဲဖက်ညွှန်ကြားရေးမှူး Ms.Isabel Hubert က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆွေးနွေးညှိနှိုင်း

အဆိုပါ သင်တန်း၌ ကုလသမဂ္ဂဖွဲ့စည်းပုံ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဥပဒေ၊ နိုင်ငံပေါင်းစုံဆွေးနွေးညှိနှိုင်းမှုအတွက် ထိရောက်သော စကားပြောဆိုခြင်း၊ အာရှတိုက်အတွင်း အပြည်ပြည်ဆိုင်ရာဥပဒေနှင့် စပ်လျဉ်း၍ မကြာမီက ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာဥပဒေ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ နိုင်ငံတကာဥပဒေ၊ ပင်လယ်ပြင်ဥပဒေ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဖွဲ့စည်းမှုစနစ်နှင့် ယင်း၏ အဓိကစာချုပ်စာတမ်းများ၊ ဒုက္ခသည်များဆိုင်ရာ နိုင်ငံတကာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးဥပဒေ၊ နိုင်ငံအများပါဝင်သော ကုန်သွယ်ရေးစနစ်နှင့် ဆွေးနွေးညှိနှိုင်းခြင်းများစသည့် ဘာသာရပ်များကို ပို့ချသွားမည် ဖြစ်ပြီး သင်တန်းကာလမှာ ယနေ့မှ ဒီဇင်ဘာ ၁၁ရက်အထိ ဖြစ်သည်။ (သတင်းစဉ်)

စာဖတ်ဝိုင်းကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃၀

နေပြည်တော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ စာဖတ်ဝိုင်းကို နိုဝင်ဘာ ၂၆ရက်က ခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ နိုဝင်ဘာ ၂၅ရက်ထုတ် သတင်းစာ၌ ပါရှိသည့် ယိမ်းနန်၏ "မျှော်လင့်မထားသော အတွေ့အကြုံများ" ဆောင်းပါးကို ရုပ်သံ(၃) အင်အားပြ ဒေါ်ဝင်းဝင်းနုနှင့် အငယ်တန်းစာရေး ဒေါ်ဦးဆန်းကြည်တို့က ဖတ်ကြားပြီး ဝန်ထမ်းများက ဝိုင်းဝန်းဆွေးနွေးကြကာ ဦးစီးအရာရှိ ဦးအေးဖေက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ပြည်မြန်မာ သတင်းဂျာနယ် ယခုအပတ်ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၃၀

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၉၄)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Sweson Media Group က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ ရန်ကုန်မြို့တွင်း၌ ဆိုင်ကယ်စီးနင်းခွင့် မပြုတော့၊ မကြာသေးမီက အထူးကုဆေးခန်း၌ မိန်းကလေးတစ်ဦး သေဆုံးရသည့်ကိစ္စ စုံစမ်းရေးအဖွဲ့ ဖွဲ့ပြီး၍ တစ်ပတ်အတွင်း စုံစမ်းဖော်ထုတ်မည်ဟုဆို၊ အပျော်စီးသင်္ဘောလိုင်းများ၌ မြန်မာသင်္ဘောသားများ ထပ်မံခေါ်ရန်ရှိ၊ အွန်လိုင်းမှတစ်ဆင့် ကမ္ဘာ့ HIV ဇာတ်လမ်းတိုပြိုင်ပွဲ၌ မြန်မာ Animation ပညာရှင်တစ်ဦး ပထမဆုရရှိ၊ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ အဆင့်မြင့် ကျောက်မျက်ရတနာပြခန်းကြီးဖွင့်မည်၊ ပြင်သစ်၌ စာတမ်းဖတ်ရန် မြန်မာပညာရှင်များအားဖိတ်ခေါ်၊ ဆေးရုံ ဆေးခန်းများ၌ မသေသင့်ဘဲ မသေဆုံးရအောင်၊ ကလေးများအတွက် ပြိုင်ကားမောင်းသင်တန်းကျောင်းဖွင့်မည်၊ မြန်မာ့ပထမဆုံး မြက်ခင်းတုဘောလုံးကွင်းတည်ဆောက်နေ၊ မြေလျှင်လှုပ်မှုတည်နေရာပြစနစ်ကို မြို့ကြီးလေးမြို့၌ တပ်ဆင်မည်၊ ပြေတီဦး၏ ပျော်ရွှင်ဖွယ်မွေးနေ့ပွဲ၊ နေမျိုးထွန်းကြီး သင်္ဘောနစ်မြုပ်ရာ၌ လူပေါင်း ၁၂၆ဦးအား ရှမ်းငှက်ရွာသားများ ကယ်တင်ခဲ့စဉ်က..၊ သွေးလွန်တုပ်ကွေးနှင့် အူအတက်ရောင်ခြင်း မှားတတ်သလား၊ ဖိလစ်ပိုင်၌ ဂျာနယ်လစ် ၂၀ အပါအဝင် ၅၇ဦး တစ်ပြိုင်နက်အသတ်ခံရပြီးနောက် အရေးပေါ်အခြေအနေ ကြေညာထား၊ ဂျက်လူသားက ကျောပိုးအင်ဂျင်ဖြင့်တိုက်ကြီးများအကြား ဖြတ်ကျော် ပျံသန်းရန်ကြိုးပမ်း၊ မယ်လမင်းကိစ္စအတွက် တရုတ်မှ နို့မှုန့်ကုမ္ပဏီမန်နေဂျာနှစ်ဦးအား ကွပ်မျက်လိုက်ပြီ၊ ၂၃နှစ်လုံးလုံး သတိလစ်မေ့မြောနေသူက ယခုအခါ ကွန်ပျူတာမှတစ်ဆင့် စကားပြောနိုင်ပြီ၊ တစ်နာရီလျှင် မိုင် ၁၀၀၀ကျော်နှုန်းဖြင့် ကားမောင်းပြရန်စီစဉ်နေ၊ ဗီယက်နမ် ကျည်ဆန်ရထားကြောင့် ထိုင်းတို့ အံ့အားသင့်သွားခဲ့ရ၊ ခရီးသည်တင်လေယာဉ်ကြီးပေါ်ရှိ အိမ်သာအားလုံး ပိတ်ဆို့သွားသောကြောင့် အရေးပေါ်ဆင်းသက်ခဲ့ရ၊ ဒိုင်နိုဆောများကို စားခဲ့သည့် ရှေးမမိကျောင်းအုပ်စု၏ ရုပ်ကြွင်းများတွေ့ရှိ၊ ဘောလုံးကစားစဉ် ကြောင်တစ်ကောင်ကို ကယ်ဆယ်ခဲ့သည့် ဂိုးသမား အဝါကတ်အပြခံရ၊ ပင်လယ်သေ တကယ်သေမသွားစေဖို့၊ ကမ္ဘာမြေသို့ ကျရောက်ခဲ့သည့် ဥက္ကာခဲတစ်ခဲ၌ အင်္ဂါဂြိုဟ်မှ ပိုးမွှားတို့၏ ရုပ်ကြွင်းကိုတွေ့ရှိ၊ လူပေါင်း ၃၃၀၀ခန့်က လက်ညှိုးများဖြင့် ဧရာမပန်းချီကားကြီးရေးဆွဲ၍ ကမ္ဘာ့စံချိန်တင်၊ တိုက်ဂါးဝုဒ် ယာဉ်တိုက်မှုဖြစ်ပွားရာ ဇနီးသည်က ကယ်ဆယ်ခဲ့ရ၊ ကမ္ဘာ့ပထမဆုံး ဒေါင်လိုက်သင်္ဘော တည်ဆောက်မည်၊ အလွန်ထူးဆန်းသော ပုံစံဖြင့် နွားများအသတ်ခံထားရမှုက ဂြိုဟ်သားများနှင့် ပတ်သက်နေဟုဆို.... စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်ထားသော်လည်း ဈေးနှုန်းမတက်ဘဲ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

AIDS အကြောင်း စေ့ငုမိသမျှ

ယနေ့ကမ္ဘာပေါ်တွင် လူသားတို့အား ခြောက်လှန့်လျက်ရှိသော ရောဂါဆိုးကြီးများစွာရှိသည့်အနက် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ(အေအိုင်ဒီအက်စ်)သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ယင်းရောဂါစတင်သတိပြုမိရာ အချိန်ကာလသည်ကား ၁၉၈၁ခုနှစ်ပင်ဖြစ်သည်။ ထိုနှစ်တွင် အမေရိကန်နိုင်ငံရှိ အမျိုးသားများအကြား ယင်းရောဂါ စတင်ဖြစ်ပွားခဲ့သည်။ ၁၉၈၂ခုနှစ်တွင်ကား နိုင်ငံ ၁၄နိုင်ငံတို့တွင် အေအိုင်ဒီအက်စ်ရောဂါ ကူးစက်ဖြစ်ပွားခဲ့သည်ဟု ဆိုသည်။ ၁၉၈၃ခုနှစ် အရောက်တွင်မူ အေအိုင်ဒီအက်စ်ရောဂါ ကူးစက်ဖြစ်ပွားသည့် နိုင်ငံပေါင်း ၃၃နိုင်ငံအထိ ပျံ့နှံ့လာခဲ့သည်။

ခြောက်လှန့်

၁၉၈၄ခုနှစ်တွင် အမျိုးသားကင်ဆာရောဂါရှာဖွေရေးသိပ္ပံမှ ဒေါက်တာရောဘတ်ဂယ်လိုဆိုသူက အေအိုင်ဒီအက်စ် ဗိုင်းရပ်စ်တစ်မျိုးဖြစ်သည့် HTLV-III (Human T-Cell Lymphotropic Virus III) ကို ရှာဖွေတွေ့ရှိခဲ့သည်။ အမေရိကန်ရုပ်ရှင်လောကတွင် ထိတ်ထိတ်ကြဲ အောင်မြင်ခဲ့သော ကမ္ဘာကျော် ရုပ်ရှင်မင်းသားချော ရော့ခ်ဟတ်ဆန်သည် ၁၉၈၅ခုနှစ် အောက်တိုဘာ ၂ရက်တွင် အေအိုင်ဒီအက်စ်ရောဂါဖြင့် ကွယ်လွန်ခဲ့ချိန်တွင်မူ အေအိုင်ဒီအက်စ်ရောဂါ၏ခြောက်လှန့်မှုကို ကမ္ဘာတစ်ဝန်းရှိ ပြည်သူပြည်သားတို့ စတင်ခံစားခဲ့ရပြီး ယင်းရောဂါနှင့်ပတ်သက်၍ သတိပြု ဆင်ခြင်စပြုလာခဲ့ကြပေပြီ။

ဆုံးဖြတ်ချက်ချ

၁၉၈၆ခုနှစ်တွင်မူ ကမ္ဘာတစ်ဝန်းတွင် အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားစေသည့် အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ် (Human Immunodeficiency) ကူးစက်ခံစားနေရသူပေါင်း ၁၀သန်းရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဒေါက်တာအိတ်ချ်မက်ချ်လာက ကြေညာခဲ့သည်။ ၁၉၈၇ခုနှစ်တွင် နိုင်ငံပေါင်း ၉၁နိုင်ငံ၌ အေအိုင်ဒီအက်စ်ရောဂါသည်ပေါင်း ၄၃၈၈၀ရှိပြီဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက မှတ်တမ်းတင်ခဲ့သည်။ ၁၉၈၈ခုနှစ်တွင် နိုင်ငံပေါင်း ၁၄၈နိုင်ငံမှ ကျန်းမာရေးဝန်ကြီးများ တက်ရောက်ပြီး ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ကျင်းပသည့် အေအိုင်ဒီအက်စ် ထိပ်သီးညီလာခံမှ ၁၉၈၈ခုနှစ်မှစ၍ ဒီဇင်ဘာ ၁ရက်နေ့ကို ကမ္ဘာ့အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးနေ့ဟု သတ်မှတ်ရန် ဆုံးဖြတ်ချက်ချခဲ့ကြသည်။

ဝေဒနာရှင်

၁၉၈၉ခုနှစ် မတ် ၁ရက်တွင် နိုင်ငံပေါင်း ၁၄၅နိုင်ငံတွင် အေအိုင်ဒီအက်စ်ဝေဒနာရှင် ၁၄၂၀၀၀ရှိပြီဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ အစီရင်ခံခဲ့သည်။ အေအိုင်ဒီအက်စ်ရောဂါ အမှန်တကယ်ဖြစ်ပွားသူမှာ ၄၀၀၀၀၀ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းခဲ့ကာ ၁၉၉၁ခုနှစ်တွင် ယင်းရောဂါသည် ၁ဒသမ ၁သန်းရှိမည်ဟုခန့်မှန်းခဲ့ပြီး အိတ်ချ်အိုင်ဗွီကူးစက်ပြန့်ပွားသူ ငါးသန်းမှ ၁၀သန်းအထိရှိမည်ဟုလည်း ခန့်မှန်းခဲ့သည်။ ၁၉၉၀ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်း၌ ခန့်မှန်းအိတ်ချ်အိုင်ဗွီကူးစက်သူ ၉သန်းကျော်၊ ခန့်မှန်းAIDS ဖြစ်ပွားသူ ၁သန်းကျော်ရှိသော်လည်း AIDS ဖြစ်ပွားကြောင်း သတင်းပို့သူ ၃၀၇၃၇၉ဦး သာရှိကြောင်း သိရသည်။

အမြင့်မားဆုံး

၁၉၉၁ခုနှစ် ဇန်နဝါရီတွင် ဘီဘီစီရုပ်မြင်သံကြားဇာတ်လမ်းတွဲ "East Enders" မှ သရုပ်ဆောင် မာ့ခ်ဖောင်လာတွင် အိတ်ချ်အိုင်ဗွီဖြစ်ပွားနေသည်ကို တွေ့ရှိရသောအခါ ကမ္ဘာတစ်ဝန်း၌ HIV ၏ခြိမ်းခြောက်မှု အမြင့်မားဆုံးသို့ ရောက်ရှိလာသည်။ အေအိုင်ဒီအက်စ်ရောဂါကြောင့် အမေရိကန်၌သေဆုံးသူများမှာ ၁၉၉၃ခုနှစ်တွင် ၄၁၉၂၀၊ ၁၉၉၄ခုနှစ်တွင် ၃၂၃၃၀၊ ၁၉၉၅ခုနှစ်တွင် ၄၈၃၇၁ဦး၊ ၁၉၉၆ခုနှစ်တွင် ၃၄၉၄၇ဦး၊ ၁၉၉၇ခုနှစ်တွင် ကမ္ဘာတစ်ဝန်း ၆၄သန်း၊ ၁၉၉၈ခုနှစ်တွင် အမေရိကန်၌ ၁၇၄၀၃ဦး၊ ၁၉၉၉ခုနှစ်တွင် ၁၈၄၉၁ဦး၊ ၂၀၀၀ပြည့်ခုနှစ်တွင် ၁၇၇၄၁ဦး၊ ၂၀၀၁ခုနှစ်တွင် ၁၈၅၂၄ဦး၊ ၂၀၀၂ခုနှစ်တွင် ၁၇၅၅၇ဦးတို့ဖြစ်ကြောင်း စေ့ငုမိသမျှ တင်ပြလိုက်ရပါကြောင်း။

ချစ်စိုးနိုင်-ရေးသားသည်

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ရတနာပုံမြို့သစ် Soft Base Factories နေရာ၌ Elite ကုမ္ပဏီ၏ စက်ရုံအဆောက်အအုံတွင် မိုဘိုင်းလ်စက်ပစ္စည်းများ ထုတ်လုပ်ရန် စက်ပစ္စည်းများ တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြင်ဦးလွင်မြို့အနီး ရတနာပုံမြို့သစ် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၃၀

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းနှင့်အတူ နိုဝင်ဘာ ၂၉ ရက်က မန္တလေးတိုင်း ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံမြို့သစ် အိမ်ရာဧရိယာသို့ ရောက်ရှိပြီး အိမ်ရာများဆောက်လုပ်ပြီးစီးမှု၊ လမ်းများခင်းကျင်းထားရှိမှုနှင့် ရတနာပုံမြို့သစ် ဆက်သွယ်ရေးအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ရတနာပုံမြို့သစ် Soft Base Factories နေရာ၌ ရတနာပုံဖိုင်ဘာ ကုမ္ပဏီလီမိတက်မှ Fibre Cable ထုတ်လုပ်ရန်အတွက် စက်ပစ္စည်းများ တပ်ဆင်နေမှု၊ Elite ကုမ္ပဏီ၏ စက်ရုံအဆောက်အအုံ၌ မိုဘိုင်းလ်စက်ပစ္စည်းများ ထုတ်လုပ်ရန် စက်ပစ္စည်းများ တပ်ဆင်နေမှု၊ FISCA ကုမ္ပဏီ၏ စက်ရုံဆောက်လုပ်နေမှု၊ FORTUNE ကုမ္ပဏီ၏ တယ်လီဖုန်းအိတ်ချိန်းနှင့် တယ်လီဖုန်းဆက်စပ်ပစ္စည်းများ ထုတ်လုပ်ရန် စက်ရုံဆောက်လုပ်နေမှုနှင့် တာမိုးညဲချမ်းသာထွန်းဝေသော ကုမ္ပဏီ၏ တယ်လီဖုန်း အိတ်ချိန်းနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်မှုစက်ရုံ ဆောက်လုပ်ထားရှိမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ပေါင်းစပ်ဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် Incubation Centre အဆောက်အအုံများတွင် လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် ရတနာပုံ Cyber Hall အဆောက်အအုံ ဆောက်လုပ်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ရတနာပုံတယ်လီပို့ အဆောက်အအုံ အစည်းအဝေးခန်းမ၌ ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ရတနာပုံမြို့သစ်၌ ရင်းနှီးမြှုပ်နှံကြသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ၏ တင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာပေဗိမာန် စာအုပ်အသင်း စာအုပ်ဖြန့်ချိ

နေပြည်တော် နိုဝင်ဘာ ၃၀

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန် စာအုပ်အသင်းက ပခုက္ကူ ဦးအုံးဖေ စာပေဆု(ဝတ္ထုတိုပေါင်းချုပ် ပထမဆု)ရ မောင်ခြိမ့်ရေးသားသည့် "တံငါအသည်း မာရဲသလားဟေ့နှင့် အခြားဝတ္ထုတိုများ" စာအုပ်ကို စာအုပ်အသင်း၏ (၅၄)အုပ်မြောက် စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့ပေးလျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတစ်ဝန်း သာမြဲသာဆဲ

နေပြည်တော် နိုဝင်ဘာ ၃၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၂ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၅ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၆ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၇ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၈ဒီဂရီစင်တီဂရိတ်စီနှင့် အမ်းမြို့တွင် ၉ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့်သာယာနေသည်။

ဒီဇင်ဘာ ၁ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့်သာယာမည်။

လင်းရောင်ခြည် စာကြည့်တိုက်ဖွင့် ပျော်ဘွယ်မြို့နယ်၌ စာအုပ်မျိုးစုံလှူဒါန်း

ပျော်ဘွယ် နိုဝင်ဘာ ၃၀

ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျီရွာကျေးရွာအုပ်စု ရွာသစ်ကျေးရွာ လင်းရောင်ခြည် စာကြည့်တိုက်ဖွင့်ပွဲကို အဆိုပါစာကြည့်တိုက်ရှေ့၌ အောက်တိုဘာ ၂၀ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသန္တာအောင်၊ ကျီရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းဇော်ဦးနှင့် စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး **(အပေါ်ဝဲပုံ)** မြို့နယ်ဦးစီးမှူးက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်းကို ဆွေးနွေးပြောကြားပြီး သုတရသနှင့် မဂ္ဂဇင်း စာအုပ်မျိုးစုံ ၁၇၀ကို စာကြည့်တိုက်ကော်မတီသို့ ပေးအပ်လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

နမူနာကောက်နည်းလမ်းများနှင့် သတင်းအချက်အလက်နည်းပညာသင်တန်းဆင်း

ရန်ကုန် နိုဝင်ဘာ ၃၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနနှင့် အာဆီယံစားနပ်ရိက္ခာလုံခြုံရေး သတင်းစနစ်တို့၏ နည်းပညာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအစီအစဉ်ဖြင့် ဖွင့်လှစ်သော နမူနာကောက်နည်းလမ်းများနှင့် သတင်းအချက်အလက်နည်းပညာ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးခွဲ)၌ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွန်းနိုက အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူး (စာရင်းအင်း)၊ ဦးအေးမောင်စိန်က ဖိလစ်ပိုင်သမ္မတနိုင်ငံ Bureau of Agricultural Statistics မှ စာရင်းအင်း ကျွမ်းကျင်ပညာရှင် Ms.Rosalinda Manuel-Garcia နှင့် သတင်းအချက်အလက် နည်းပညာကျွမ်းကျင်သူ Mr.Jing B.Jalisan တို့အား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

ကိုယ်ဝန်ဆောင်မိခင်၏ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ရင်သွေးငယ်များ၌ ဦးနှောက်မှတ်ဉာဏ် ချို့ယွင်းမှုဖြစ်စေသည်အထိ ထိခိုက်မှု ဖြစ်စေပြီး ဉာဏ်ရည်မမီသော ကလေးငယ်များ ဖြစ်လာတတ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ပံ့ပိုး

တစ်ဖန် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် မိခင်၏ နို့ရည်ထွက်မှု ထိခိုက်စေပြီး အသင့်သုံးနို့မှုန့်များကို ရင်သွေးငယ်များအား ပံ့ပိုးတိုက်ကျွေးရသည့်အတွက် ကျန်းမာရေးချို့ယွင်းသော ကလေးငယ်များ ဖြစ်လာကြောင်း သတိပေးထားသည်။ ထို့ကြောင့် အမျိုးသမီးများသည် မူးယစ်ဆေးဝါးသုံးစွဲမှု မပြုလုပ်သင့်ကြောင်း ၎င်းတို့က အကြံပြုထားသည်။ ။

မြန်မာနယူးစ်ဝီခ်ဂျာနယ် ယခုအပတ်ထုတ် ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၃၀

ပြင်းပြင်းထန်ထန် အရေးယူအပြစ်ပေးသင့်သည့် လူကူးမျဉ်းကျားပေါ်တွင် ဖြစ်ပွားခဲ့သည့် ယာဉ်တိုက်မှုများ သတင်းပါရှိသည့် မြန်မာနယူးစ်ဝီခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ် (၅)ကို ဖြန့်ချိလိုက်သည်။

ပြင်ပပေါက်ဈေးထက် ဈေးပိုပေးပြီး လေလံဆွဲကြတဲ့ နိုဝင်ဘာ ၂၇ရက်က ကျင်းပခဲ့သည့် မြောက်ဥက္ကလာပ နာဂလိုဏ်ဂူ ကားလေလံပွဲ၊ ယုဇနပလာဇာတွင် တနင်္လာနေ့ကို ဈေးပိတ်ရက်အဖြစ် သတ်မှတ်လိုက်ပြီဖြစ်၊ စင်ကာပူကုမ္ပဏီနှင့် ဒေါ်လာ ၇၇သန်းတန် ဓာတ်ငွေ့ပိုက်လိုင်း ချထားရေးလုပ်ငန်း ကန်ထရိုက်ရ၊ အတိတ်က ဝိတိုရိယဘုရင်မ ပန်းခြံနှင့် ယနေ့ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ မည်သည့်ကုန်ပစ္စည်းမဆို ပြည်ပမှ လွတ်လပ်စွာ တင်သွင်းခွင့်ပြုရန် စီစဉ်နေ၊ ပြန်လည်၍ အသုံးပြုနိုင်သော ပလတ်စတစ်အိတ် အကြည်များကိုသာ ထုတ်လုပ်သုံးစွဲကြရတော့မည်၊ ငါးရှဉ့်တစ်တန်လျှင် အမေရိကန်ဒေါ်လာ သုံးထောင်ကျော်အထိ မြင့်တက်လာ၊ ကမ္ဘာ့မြင်းစီးအားကစားအဖွဲ့ချုပ်က မြန်မာနိုင်ငံမှ ပြိုင်မြင်းခြောက်ကောင်ကို နိုင်ငံတကာပွဲစဉ်များတွင် ယှဉ်ပြိုင်ခွင့်ပြုလိုက်ပြီဖြစ်၊ ပြိုင်ကားမောင်းကွင်းတွင် မောင်းနှင်ရန်အတွက် ဂျပန်နိုင်ငံမှ ပြိုင်ကားအစီးရေ ၆၀ မှာယူတင်သွင်းမည်ဟုဆို၊ ကန်တော်ကြီးဥယျာဉ်နှင့် ပန်းကန်လုံးကျွန်းအကြား တံတားအောက်ခြေရေပြင်၌ အဘိုးအိုတစ်ဦး ရေနစ်၍ သေဆုံး၊ 'ဇီဝစက္ကူ' ကိရိယာအစွမ်းဖြင့် မျက်စိကွယ်နေသူများ စာဖတ်နိုင်တော့မည်၊ လာမည့် ဒီဇင်ဘာလအတွင်း ကြာသပတေးဂြိုဟ်နှင့် အင်္ဂါဂြိုဟ်တို့ မျက်နှာချင်းဆိုင် တွေ့ဆုံမည် ယင်းတွေ့ဆုံခြင်းကြောင့် မြန်မာနိုင်ငံတွင် စီးပွားရေး ကောင်းမွန်လာမည်ဟုဆို၊ မြန်မာ့ခရီးသွားလုပ်ငန်း ၂၀၀၉-၂၀၁၀တွင် ပြန်လည် ဦးမော့လာပြီ၊ ရန်ကုန်မြို့တွင် ဆိုင်ကယ်စီးနင်းခွင့် လုံးဝခွင့်မပြုတော့၊ ဘဏ်အစုရှယ်ယာ ဝယ်ယူထားခြင်းသည် ငွေစုဘဏ်အပ်ငွေမှ ရရှိသည့်အတိုးထက် နှစ်ဆခန့် ပိုမိုရရှိခဲ့၊ ငါးမြစ်ချင်းများ ဈေးကျနေသော်လည်း ပြည်ပတင်ပို့မှုမှာ အကောင်းဆုံး အနေအထားမှာရှိ၊ FMI (First Myanmar Investment Company Limited) ကုမ္ပဏီ (၁၇)ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပခဲ့၊ အစ္စရေးက အီရန်ကိုတိုက်နိုင်ကြောင်း အမေရိကန်က တရုတ်ကို သတိပေးထား၊ ရုရှားနှင့် ဘီလာရုစ် ပူးတွဲစစ်ရေးလေ့ကျင့်မှု နေတိုး အား ခြိမ်းခြောက်ရန် မရည်ရွယ်၊ အီရန်နှင့် ၎င်း၏ မဟာမိတ်များရန်မှ ကာကွယ်ရန် အစ္စရေးတို့ ရေတပ်နှင့် လေတပ်အင်အားတည်ဆောက် စသည့်နောက်ဆုံးရ ပြည်တွင်း ပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝီခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိနေပြီဖြစ်သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၁၂-၂၀၀၉

(အင်္ဂါနေ့)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ **ပရိတ်ကြီး(၁၁)သုတ် တရားတော်** (ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါယမ)
၆း၅၀ အံ့ဖွယ်တမူ ဆဒ္ဒန်ဂူ
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၁၃)
၈း၃၀ 25th SEA GAME အတွက် ကြိုတင်ပြင်ဆင်မှုများ (အမျိုးသားဘောလုံး)
၈း၅၅ အရဏ်ဦးမှာကြည်ညိုပူဇော် မန္တလေး မဟာမုနိရုပ်ရှင်တော်
၉း၁၀ မြတ်စိန္တေကိုရည်စူးလို့ အလင်းတိုင်နှင့် ပူဇော်မယ်
၉း၂၅ Sunday Talk
၁၀း၂၀ ပန်းတစ်ပွင့်တောင် မှဝိဇာတမွေးနေ့ မင်္ဂလာ
၁၀း၄၀ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၀း၄၅ အလှဂုဏ်ဆောင်လူကြိုက်များ မြန်မာ့ဂုဏ်ရောင် မင်းဟန်ကျောက်စိမ်းပြား
၁၁း၀၀ Activities in the City (မိုးကုတ်ဆရာတော်ကြီး၏ ပတ္တမြားကျောက်စီပုံတော်ဖွင့်ပွဲ အခမ်းအနား)
၁၁း၀၅ Cartoon Show Time (The Ant Bully)
၁၁း၅၅ တေးဂီတအစီအစဉ်
၁၂း၀၅ ထူးခြားသွင်ပြင် သတ္တုပြန်းပုရပ်သွင်
၁၂း၂၀ မြတ်စိန္တေကိုရည်စူးလို့ အလင်းတိုင်နှင့် ပူဇော်မယ်
၁၂း၄၀ သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ (ပျားလိမ္မော်)
၁း၀၀ **ပရိတ်ကြီး(၁၁)သုတ် တရားတော်** (ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါယမ)
၁း၅၀ အံ့ဖွယ်တမူ ဆဒ္ဒန်ဂူ
၂း၀၀ MRTV-4 သတင်း
၂း၄၅ Fashion Music Festival Chatrium Dream Wedding(2)
၃း၂၀ Activities in the City (မိုးကုတ်ဆရာတော်ကြီး၏ ပတ္တမြားကျောက်စီပုံတော်ဖွင့်ပွဲ အခမ်းအနား)
၃း၃၅ အလှဂုဏ်ဆောင်လူကြိုက်များ မြန်မာ့ဂုဏ်ရောင် မင်းဟန်ကျောက်စိမ်းပြား
၃း၅၀ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၄း၀၅ World of Knowledge (Mega Structures: China's Ultimate Port)
၄း၅၅ ပန်းတစ်ပွင့်တောင်မှ ဝိဇာတမွေးနေ့မင်္ဂလာ
၅း၂၀ စိမ်းသည့်မြေ
၅း၃၀ Celebrity Style (သရုပ်ဆောင် ဂန္ထဝင်နှင့်တွေ့ဆုံခြင်း)
၆း၀၀ MRTV-4 သတင်း
၆း၂၀ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ သရုပ်ဆောင်ဒွေး၏ ဇနီး မိုးမိုးနှင့်တွေ့ဆုံခြင်း(အပိုင်း-၁)
၆း၄၅ သင်ကြားရေးလမ်းညွှန် (Star Resources)
၇း၁၀ Fashion Music Festival Chatrium Dream Wedding(2)
၇း၄၀ တိရစ္ဆာန်လေးတွေမွေးကြမယ် (Selection-3)
၈း၀၀ MRTV-4 သတင်း
၈း၃၀ Cartoon Show Time (The Ant Bully)
၉း၀၅ Celebrity Style (သရုပ်ဆောင် ဂန္ထဝင်နှင့်တွေ့ဆုံခြင်း)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၁၃)
၁၀း၀၀ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (သရုပ်ဆောင်ဒွေး၏ဇနီးမိုးမိုးနှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
၁၀း၂၅ MRTV-4 ကျန်းမာရေးကဏ္ဍ (အိပ်ချ်အိုင်ဗွီပိုးနှင့် အေအိုင်ဒီအက်စ်ရောဂါ) ဒေါက်တာစစ်နိုင်နှင့်တွေ့ဆုံခြင်း (အပိုင်း-၂)
၁၁း၀၀ သင်ကြားရေးလမ်းညွှန် (Star Resources)
၁၁း၂၅ သာယာဖွံ့ဖြိုး…တိုးတက်ဝေစည်…ဧည့်ဝတီ
၁၁း၄၅ **လောကရဲ့အလှရတနာ** ရဲအောင်၊ သူထူးစံ၊ မေသဉ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ
၁၂း၀၀ ကိုယ်ဝန်ဆောင်မိခင်များနှင့် HIV/ AIDS ရောဂါ (ပါမောက္ခဒေါက်တာချစ်စိုး)
၁၂း၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဧရာဝတီမြစ်ရေများကို အချင်းလက်မ ၃၀ရှိ သံပိုက်လုံးကြီးများဖြင့် အမြင့် ပေ ၅၀ရှိသော ရေငြိမ်ရေလှောင်ကန်အတွင်းသို့ ဤသို့စုပ်ယူသယ်တင်ရသည်။

(မြန်မာ့အလင်း)

ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် ပခုက္ကူမြို့နယ် ပတ်ဝန်းကျင် ဒေသ လယ်ယာမြေ ဧက ၅၀၀၀ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးဝေနိုင်က ဒေသဝမ်းစာ ဖူလုံစေပြီး ပခုက္ကူခရိုင် စိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြု။

✻ ရွှေဖုံးမှ

မြစ်ရေတင်

တပ်မတော်အစိုးရ လက်ထက် စီးပွားရေးဦးတည်ချက် ချမှတ်ရာတွင် စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုသည့် ဦးတည်ချက်တစ်ရပ်လည်း ပါဝင်သည်။ နိုင်ငံတော်သည် စိုက်ပျိုးရေးအတွက် လိုအပ်သောရေ ရရှိရန် နည်းလမ်းအသွယ်သွယ်ဖြင့် ရှာဖွေဖော်ထုတ်ကြံဆရာတွင် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန၏ မြစ်ရေတင်စီမံကိန်းများလည်း ပါဝင်လာခဲ့သည်။

ကြီးရွာမြစ်ရေတင်

မကြာမီက မကွေးတိုင်း ပခုက္ကူခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေး သတင်းဆောင်းပါးများရေးသားရန် မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိခဲ့ရာမှ ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်း၏ စီစဉ်ပေးမှုဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၏ ပခုက္ကူမြို့နယ် ကြီးရွာမြစ်ရေတင်စီမံကိန်းသို့သွားရောက်လေ့လာခဲ့ကြသည်။ ပခုက္ကူမြို့နယ်သည် ဧရာဝတီမြစ် အနောက်ဘက်ကမ်းတွင်တည်ရှိပြီး ၃၁၀၉၃၆ ဒသမ ၅ ဧရိယာဧက၊ ၄၈၅ ဒသမ ၈၃ စတုရန်းမိုင်ကျယ်ဝန်းပြီး စိုက်ပျိုးမြေ ၁၆၆၆၆၇ ဒသမ ၁ ဧရိယာ ဧကရှိသည်။ ကြီးရွာမြစ်ရေတင်စီမံကိန်းသည် ပခုက္ကူမြို့ အနောက်ဘက် သုံးမိုင်အကွာ ရွှေတန့်တစ်ကျေးရွာနှင့် မယ်တော်လှကျေးရွာ အကြား ဧရာဝတီမြစ်ကမ်းဘေးရှိ ကြီးရွာတွင် တည်ရှိသည်။ ပခုက္ကူမြို့မှအထွက် ကြီးရွာမြစ်ရေတင်စီမံကိန်းသို့လာရာ လမ်းဘေးဝဲယာတစ်လျှောက်တွင် စိမ်းလန်းနေသော စပါးခင်းများကို တွေ့ရသည်။ ယခင်က ပခုက္ကူတစ်ခရိုင်လုံးတွင် မိုးစပါးစိုက်ဧက လေးသောင်းခန့်သာရှိခဲ့ရာမှ ယခုအခါ မြစ်ရေတင်စီမံကိန်းမှ ရေပေးဝေမှုကြောင့် မိုးစပါးစိုက်ဧက တစ်သိန်းသုံးသောင်း ရှိလာပြီဖြစ်ကြောင်း ခရိုင်မြေစာရင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအုန်းမြင့်က ပြောပြသည်။

"ယာက လယ်ပြောင်းပြီး တစ်နှစ်သုံးသီး စိုက်နေပါတယ်"
ကိုသာကျော်(တောင်သူ)
ရွှေတန့်တစ်ကျေးရွာ။

ပခုက္ကူခရိုင်တွင် မြစ်ရေတင်စီမံကိန်း ၁၃ ခုရှိပြီး ရေစကြိုမြို့နယ်တွင် ခုနစ်ခု၊ ပခုက္ကူမြို့နယ်တွင် လေးခုနှင့် ပေါက်မြို့နယ်တွင် နှစ်ခုရှိကြောင်းကို ခရိုင်မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးက ဖြည့်စွက်ရှင်းပြသည်။

ကြီးရွာ မြစ်ရေတင်စီမံကိန်းရုံး အဆောက်အအုံသို့ ရောက်ရှိခဲ့ပါပြီ။ အချင်းလက်မ ၃၀ရှိ သံပိုက်လုံးကြီး နှစ်လုံးဖြင့် ဧရာဝတီမြစ်ရေများကို အမြင့်ပေ ၅၀ရှိသော ပင်မရေတင်စခန်းသို့ တင်ပို့ပေးနေရာ၊ ရေလုံးကြီးများ တဖွမ်းဖွမ်းဖြင့် ရေငြိမ်ကန်အတွင်း ကျရောက်နေသည်ကို တွေ့ရသည်။

ကြီးရွာ မြစ်ရေတင်စီမံကိန်းရုံးမှ ဦးစီးအရာရှိဦးမြင့်ကောင်းက "ကြီးရွာ လျှပ်စစ်မြစ်ရေတင် စီမံကိန်းဟာ နိုင်ငံတော်အကြီးအကဲရဲ့ ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ပခုက္ကူခရိုင်ခရီးစဉ်အတွင်း မြစ်ရေတင်စီမံကိန်း လုပ်ငန်းသစ်များ ထပ်မံတည်ဆောက်ရန် လမ်းညွှန်ချက်အရ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အစည်းအဝေးအမှတ် (၁/၂၀၀၄)သို့ တင်ပြခွင့်ပြုချက်ရယူပြီး ပခုက္ကူမြို့နယ် ပတ်ဝန်းကျင်ဒေသ စိမ်းလန်းစိုပြည်ရေးနဲ့ စိုက်ပျိုးရေပေးဝေနိုင်ဖို့ဆောင်ရွက်တဲ့ မြစ်ရေတင်လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ လုပ်ငန်းကတော့ ဧရာဝတီမြစ်မှရေကို ရေတင်စက်ကြီးများနဲ့စုပ်တင်ပြီး စီမံကိန်းဧရိယာဧက ၅၀၀၀ကို စိုက်ပျိုးရေပေးဝေနိုင်ဖို့ ဖြစ်ပါတယ်။ ရေတင်အဆင့်ကိုးဆင့်နဲ့ စိုက်ပျိုးရေများ ပေးဝေသွားမှာဖြစ်ပြီး ယခုအခါ အဆင့်သုံးဆင့်ပြီးပြီဖြစ်တဲ့အတွက် ကွမ်းရွာ၊ ကျွဲတဲရွာ၊ ကြီးရွာ သုံးအုပ်စုမှ ကျေးရွာ ၁၂ရွာကို မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများစိုက်ပျိုးရန် ရေများပေးဝေနေပြီဖြစ်ပါတယ်။ ကျန်ရေတင်အဆင့်လုပ်ငန်းအားလုံးကိုလည်း ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း ပြီးစီးနိုင်ဖို့ လျာထားပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

စိုက်ပျိုးနေ

ယခင်ယာမြေနှင့် မြေရိုင်းများကို လယ်မြေအဖြစ် ဖော်ထုတ်နိုင်ခဲ့ခြင်းကို ဆက်လက်ရှင်းပြရာ "အခုမြစ်ရေတင် ရေပေးဝေနေသည့်မြေများဟာ ယခင်က ယာမြေ၊ သဲနုန်းမြေများဖြစ်ပြီး အချို့မှာ မြေရိုင်းများဖြစ်ပါတယ်။ ပထမအဆင့် မြစ်ရေများ တင်ပေးလိုက်ခြင်းဖြင့် မြစ်ရေမှာပါလာတဲ့ နုန်းများက သဲများအပေါ် ဖုံးလွှမ်းသွားပြီး တဖြည်းဖြည်းနဲ့ စပါးစိုက်နိုင်သည့် လယ်မြေအဖြစ် ပြောင်းလာခဲ့ပါတယ်။ ယခုအခါ နွေစပါး၊ မိုးစပါးသာမက ကုလားပဲ၊ ပဲတီစိမ်း၊နှမ်း၊ မြေပဲ၊ ပဲမျိုးစုံနဲ့ ငွေချည်(၆)ချည်မျှင်ရှည်ဝါတို့ကိုပါ တစ်နှစ်သုံးသီး စိုက်ပျိုးနေပြီ ဖြစ်ပါတယ်"ဟု ရှင်းပြသည်။

ကြီးရွာမြစ်ရေတင်လုပ်ငန်းဆိုင်ရာ အကျယ် ၁၂ပေ၊ အနက် ခုနစ်ပေရှိပင်မရေပေးမြောင်းကြီး အလျားပေ ၃၉၈၀၀ နှင့် အကျယ်ခြောက်ပေ၊ အနက်ခြောက်ပေရှိ လက်တံမြောင်း ၁၂ ခု၊ အလျားပေ ၉၃၃၅၀တို့မှာ လုံးဝပြီးစီးနေပြီဖြစ်သည်။ လက်တံခွဲမြောင်း ၂၂ခု၊ မြေကြီးလုပ်ငန်း အလျားပေ ၆၁၀၈၈ပေ တည်ဆောက်ရန် လျာထားရာ လုပ်ငန်း၏ ၉၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ မြို့ပြဆိုင်ရာ တူးမြောင်းအဆောက်အအုံပေါင်း ၅၂၈ခု ဆောင်ရွက်ရန်လျာထားရာ ၃၃၆ခု ပြီးစီးနေပြီဟု သိရှိသည်။ ကြီးရွာ

"ရေတင်အဆင့် ကိုးဆင့်ဖြင့် လယ်မြေဧက ၅၀၀၀အတွက် စိုက်ပျိုးရေ ပေးဝေသွားမှာ ဖြစ်ပါတယ်"
ဦးမြင့်ကောင်း
ဦးစီးအရာရှိ၊
ကြီးရွာမြစ်ရေတင်စီမံကိန်း။

မြစ်ရေတင်စီမံကိန်းရုံးမှအပြန် ရွှေတန့်တစ်ကျေးရွာနံဘေး စိမ်းစိုနေသော စပါးပင်များကို မော်တော်ယာဉ်ရပ်တန့်၍ ငေးမောကြည့်ရှုနေစဉ်တွင် ပေါက်တူးကိုယ်စီထမ်း၍ လယ်ကွင်းထဲမှထွက်လာသူနှစ်ဦးကို တွေ့ဆုံမေးမြန်းခဲ့ရာ "ကျွန်တော့်အမည်က ကိုသာကျော်ပါ၊ အသက် ၂၉နှစ်ရှိပါပြီ၊ ရွှေတန့်တစ်ကျေးရွာက တောင်သူပါ၊ လယ်နှစ်ဧကခွဲ လုပ်ပါတယ်။ အရင်ကယာမြေတွေပေါ့။ ရေမရတော့ ယာစိုက်တာပါ။ အခုမြစ်ရေတွေ လုံလုံလောက်လောက်ရလို့ မိုးစပါး၊ နွေစပါး စိုက်ပါတယ်။ နွေစပါးက ဆင်းနွယ်ဟန်နဲ့ ရွှေမြန်မာ၊ မိုးစပါးက မနောသုခပေါ့၊ စပါးသက်တမ်းက ရက်ပေါင်း ၁၀၀ပဲဆိုတော့ ရင့်မှည့်ရိတ်သိမ်းပြီးလို့ ကျန်တဲ့ရက်တွေမှာ ပဲစိုက်တယ်။ ယာက လယ်ပြောင်းပြီး တစ်နှစ်သုံးသီး စိုက်ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြုံးပြုံးရွှင်ရွှင်ဖြင့် ပြောပြသည်။

ဝမ်းစာ

နောက်တစ်ဦးက ရွှေတန့်တစ်ကျေးရွာမှ ဦးကျော်လင်းဖြစ်သည်။ "ရေမရခင်က မိုးရေနဲ့ပဲ ယာလုပ်ငန်း

"မြစ်ရေတွေ လယ်ထဲ ရောက်အောင်ပို့ပေးလို့ ကျေးဇူးတင်ပါတယ်"
ဦးကျော်လင်း(တောင်သူ)
ရွှေတန့်တစ်ကျေးရွာ။

ဖြစ်တဲ့ နှမ်း၊ မြေပဲများကိုသာ စိုက်ခဲ့ရပါတယ်။ ၂၀၀၄ခုနှစ် မေလကစပြီး မြစ်ရေတွေပေးလို့ ရေရပြီး စပါးစိုက်နိုင်လာတဲ့အတွက် ဝမ်းစာဖူလုံပြီး အခြားမှာ ဝယ်စားစရာမလိုတော့ပါဘူး။ ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်စားပြီးတဲ့အပြင် ပိုလျှံနေပါသေးတယ်။ မြစ်ရေတွေ လယ်တွေထဲ ရောက်အောင်ပို့ပေးတာ တောင်ထိပ်ကြာပေါက်သလိုဖြစ်လို့ ဆောင်ရွက်ပေးသူတွေကို အလွန်ကျေးဇူးတင်ပါတယ်"ဟု ဝမ်းမြောက်စကားပြောကြားသည်။

နိုင်ငံ့စေတနာ

ကြီးရွာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် ပခုက္ကူမြို့နယ် ပတ်ဝန်းကျင်ဒေသ လယ်ယာမြေဧက ၅၀၀၀ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးဝေနိုင်ကာ ဒေသဝမ်းစာ ဖူလုံစေပြီး ပခုက္ကူခရိုင် စိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုလာနိုင်ခြင်းသည် ပြည်သူများအတွက် နိုင်ငံတော်၏ စေတနာအလှတရားပင် ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အကျယ် ၁၂ပေ၊ အနက် ခုနစ်ပေ၊ အလျားပေ ၃၉၈၀၀ရှိ ပင်မရေသွယ်မြောင်းကြီးဖြင့် ဧရာဝတီမြစ်ရေများကို ပို့လွှတ်ပေးနေပုံ။ (မြန်မာ့အလင်း)

ကမ္ဘာ့လူဦးရေအခြေအနေ အစီရင်ခံစာ စာစောင်ထုတ်ဝေခြင်းနှင့် အမျိုးသမီး၊ လူဦးရေနှင့် ရာသီဥတုဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) တို့ ပူးပေါင်းကျင်းပသည့် "ကမ္ဘာ့လူဦးရေ အခြေအနေအစီရင်ခံစာ (အထူးထုတ်)" စာစောင်ထုတ်ဝေခြင်း အခမ်းအနားနှင့် အမျိုးသမီး၊ လူဦးရေနှင့် ရာသီဥတုဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ကုမုဒြာဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က အဖွင့်အမှာစကားပြောကြားပြီး ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Mohamed Abdel - Ahad က အမှာစကားပြောကြားကာ အမျိုးသမီး၊ လူဦးရေနှင့် ရာသီဥတုဆိုင်ရာ(Facing a changing : Women, Population and Climate) ကိစ္စရပ်ကို ဆွေးနွေးတင်ပြသည်။

အကြံပြုဆွေးနွေး

ယင်းနောက် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့မှ ဒေါ်ပန်စီထွန်းသိန်းက ဖွံ့ဖြိုးမှုနှင့် လေ့လာဆန်းစစ်ချက် (Assonant on Women Protection) အမျိုးသမီးများဘဝတိုးတက်ရန် ဝန်ဆောင်မှုများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရူပါမြက "မုန်တိုင်းလွန်ကာလ အမျိုးသမီးများကာကွယ်စောင့်ရှောက်ရေး လေ့လာဆန်းစစ်ချက်" (Assessment on Women Protection Issue : Post Nargis) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မင်္ဂလာမြန်မာမှ ဒေါက်တာရွှေသွင်က " Population Dynamic" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာနမှ ဒေါ်တင်မာဌေးက "မြန်မာနိုင်ငံ မုတ်သုံရာသီဥတု ပြောင်းလဲဖြစ်စဉ်" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများက အကြံပြုဆွေးနွေးတင်ပြကြကာ ဆွေးနွေးပွဲကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုဝင်ဘာ ၃၀ရက်က အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပမည့် Women and Enterprise Development Course တက်ရောက်ရန် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အမှုဆောင်အရာရှိ ဒေါ်အာကာချောနှင့် အသင်းဝင် ဒေါ်နန့်စုဒေဝီတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်ကြသူများနှင့်အတူ တွေ့ရစဉ်။

(ကုန်သည်/စက်မှု)

ဗဟုသုတနှင့် အမှုအကျင့်ကောင်းများ၊ အရည်အသွေးများ လူငယ်များအတွက် Mr. and Ms. SMART Con

နေပြည်တော် နိုဝင်ဘာ ၃၀

၂၀၀၉ ခုနှစ် ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် HIV/AIDS ဆိုင်ရာ ဗဟုသုတရှိပြီး ကျန်းမာရေးနှင့်ညီညွတ်သော အမှုအကျင့်ကောင်းများ ပိုင်ဆိုင်ထားရုံမျှမက ကိုယ်ရည်ကိုယ်သွေးရှိသော အသက် (၁၅-၂၄)နှစ်အတွင်းရှိ လူငယ်များအတွက် အရည်အသွေးကောင်းများ ဖော်ထုတ်ပြသခွင့် ရရှိမည့် Mr. and Ms. SMART Contest ကို ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်း လူငယ်ဖွံ့ဖြိုးမှုအစီအစဉ်က ဦးစီးကျင်းပမည် ဖြစ်သည်။

စာရင်းသွင်းနိုင်

ဒီဇင်ဘာ ၇ ရက်တွင် ပဏာမရေးဖြေကို မြန်မာနိုင်ငံဆရာဝန်အသင်း၌လည်းကောင်း၊ ဒီဇင်ဘာ ၁၁ရက်တွင် နောက်ဆုံးပြိုင်ပွဲကို Chatrium Hotel ၌လည်းကောင်း အဆင့်ဆင့် ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ လူငယ်များအနေဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်း လူငယ်ဖွံ့ဖြိုးမှုအစီအစဉ် ရုံးခန်း အမှတ်(၂၃၉) သိမ်ဖြူလမ်း

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၃၀

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် နိုဝင်ဘာ ၂၉ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနခွဲကျင်းပသည့် သစ်တောရေးရာဝန်ကြီးဌာန အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများက အောင်ပွဲရ အားကစားသမားများအား ဆုများ ပေးအပ်ချီးမြှင့်ကြပြီး အားကစားသမားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(ယာပုံ)**

သစ်တောရေးရာဝန်ကြီးဌာနသည် ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်အတွင်း ပြည်ပ အားကစားပြိုင်ပွဲများ၌ ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ် ငါးခုရရှိခဲ့ပြီး ပြည်တွင်း ပြိုင်ပွဲများ၌ ရွှေတံဆိပ် ၆၇ခု၊ ငွေတံဆိပ် ၄၅ခုနှင့် ကြေးတံဆိပ် ၅၇ခု စုစုပေါင်းဆုတံဆိပ် ၁၇၇ခုရရှိခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ကျေးရွာက တောင်သူပါ၊ လယ်နှစ်ဧကခွဲ လုပ်ပါတယ်။ အရင်ကယာမြေတွေ ပေါ့။ ရေမရတော့ ယာစိုက်တာပါ။ အခုမြစ်ရေတွေ လုံလုံလောက်လောက် ရလို့ မိုးစပါး၊ နွေစပါး စိုက်ပါတယ်။ နွေစပါးက ဆင်းနွယ်ဟန်နဲ့ ရွှေမြန်မာ၊ မိုးစပါးက မနောသုခပေါ့၊ စပါး သက်တမ်းက ရက်ပေါင်း ၁၀၀ပဲ ဆိုတော့ ရင့်မှည့်ရိတ်သိမ်းပြီးလို့ ကျန်တဲ့ ရက်တွေမှာ ပဲစိုက်တယ်။ ယာက လယ်ပြောင်းပြီး တစ်နှစ်သုံးသီး စိုက်ပါ တယ်''ဟု မြန်မာ့အလင်းသို့ ပြုံးပြုံး ရွှင်ရွှင်ဖြင့် ပြောပြသည်။

ဝမ်းစာ

နောက်တစ်ဦးက ရွှေတန့်တစ် ကျေးရွာမှ ဦးကျော်လင်းဖြစ်သည်။ ''ရေမရခင်က မိုးရေနဲ့ပဲ ယာလုပ်ငန်း

''မြစ်ရေတွေ လယ်ထဲ ရောက်အောင်ပို့ပေးလို့ ကျေးဇူး တင်ပါတယ်''

ဦးကျော်လင်း(တောင်သူ)
ရွှေတန့်တစ်ကျေးရွာ။

ဖြစ်တဲ့ နှမ်း၊ မြေပဲများကိုသာ စိုက်ခဲ့ရ ပါတယ်။ ၂၀၀၄ခုနှစ် မေလကစပြီး မြစ်ရေတွေပေးလို့ ရေရပြီး စပါး စိုက်နိုင်လာတဲ့အတွက် ဝမ်းစာဖူလုံ ပြီး အခြားမှာ ဝယ်စားစရာမလိုတော့ ပါဘူး။ ကိုယ်တိုင်စိုက်၊ ကိုယ်တိုင် စားပြီးတဲ့အပြင် ပိုလျှံနေပါသေး တယ်။ မြစ်ရေတွေ လယ်တွေထဲ ရောက်အောင်ပို့ပေးတာ တောင်ထိပ် ကြာပေါက်သလိုဖြစ်လို့ ဆောင်ရွက် ပေးသူတွေကို အလွန်ကျေးဇူးတင် ပါတယ်''ဟု ဝမ်းမြောက်စကား ပြောကြားသည်။

နိုင်ငံ့စေတနာ

ကြီးရွာ လျှပ်စစ်မြစ်ရေတင် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် ပခုက္ကူမြို့ နယ် ပတ်ဝန်းကျင်ဒေသ လယ်ယာမြေ ဧက ၅၀၀၀ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးဝေနိုင်ကာ ဒေသဝမ်းစာ ဖူလုံစေပြီး ပခုက္ကူခရိုင် စိမ်းလန်း စိုပြည်ရေးကိုပါ အထောက်အကူ ပြုလာနိုင်ခြင်းသည် ပြည်သူများအတွက် နိုင်ငံတော်၏ စေတနာအလှတရားပင် ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ခုနှစ်၊ နတ်တော်လပြည့်နေ့
(ဥပုသ်နေ့) ၁-၁၂-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အင်္ဂဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ အဆိုပြိုင်ပွဲ
၈း၁၀ ၇။ **နှောင်းနှောင်းတ** ထက်ထက်၊ ဆောင်းအိန္ဒြာထွန်း၊ တင်တင်လှ [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၈း၂၀ ၈။ အတီးပြိုင်ပွဲ
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ နှောင်းခေတ်တေးပဒေသာ

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တိုင်းရင်းသား ရိုးရာအက
၄း၂၅ ၃။ ကြေးမုံရိပ်သွင်တေးနုယဉ်
၄း၃၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ-ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၆။ တေးဂီတအစီအစဉ်
၅း၁၅ ၇။ **ကမ္ဘာ့ခုခံအား ကျဆင်းမှုရောဂါ တိုက်ဖျက်ရေးနေ့တေးများ**
၅း၂၅ ၈။ **လောကရဲ့ အလှရတနာ**
၅း၄၀ ၉။ ရင်မှာစွဲထင် တေးအလှသံစဉ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၃၀ ၁၃။ ဆိုလိုက်ကြစို့
၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်**(အပိုင်း-၁၃)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ရုပ်မြင်သံကြား ဘဏ်စမ်းပဟေဠိပြိုင်ပွဲ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (အပိုင်း-၄)
၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

■ *ရှေ့ဖုံးမှ*

ကျောက်ဆည် စက်မှုနယ်မြေ အတွင်း အပါအဝင်ဖြစ်သည့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဘိလပ်မြေ စက်ရုံ၊ အဆင့်မြင့်မီးခံအုတ်စက်ရုံ၊ ပလတ်စတစ်စက်ရုံ၊ စက်ဘီးစက်ရုံ၊ အပ်ချုပ်စက်ခေါင်းစက်ရုံ၊ ဖိနပ်စက်ရုံ၊ စွပ်ကျယ်စက်ရုံ၊ သကြားလုံးစက်ရုံ၊ စတီးလ်ပစ္စည်းစက်ရုံများရှိပြီး အရည် အသွေးကောင်း ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နေသည်။

စက်မှုနယ်မြေ

မြန်မာ့အလင်းသတင်းအဖွဲ့သည် ကျောက်ဆည်ခရိုင် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ပေး မှုဖြင့် ကျောက်ဆည် စက်မှုနယ်မြေ သို့သွားရောက်လေ့လာခဲ့ကြသည်။ ယင်းစက်မှုနယ်မြေသည် ကျောက် ဆည်မြို့အရှေ့ဘက် ငါးမိုင်အကွာတွင် တည်ရှိသည်။ ကျောက်ဆည်မြို့မှာ ရန်ကုန်-မန္တလေး ကားလမ်းမကြီး ပေါ်တွင် တည်ရှိခြင်းကြောင့် ထုတ်ကုန် ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချရာတွင် အဆင်ပြေချောမွေ့ သည်ကို တွေ့ရသည်။

စက်ဘီး

အဆိုပါစက်ရုံများအနက် စက်ဘီး စက်ရုံ(ကျောက်ဆည်)သို့ ဝင်ရောက် လေ့လာခဲ့ရာ စက်ရုံမှူး ဦးစိုးနီက ''စက်မှု(၁) ဝန်ကြီးဌာနအနေနဲ့ ကျောက်ဆည်စက်မှုနယ်မြေအတွင်းမှာ စက်ဘီးအစိတ်အပိုင်း ခုနစ်မျိုး ထုတ်လုပ်ဖို့အတွက် အိန္ဒိယနိုင်ငံ Samra International (P) Limited နဲ့ ၂၀၀၁ ခုနှစ် ဇူလိုင် ၃၀ ရက်မှာ စာချုပ်ချုပ်ဆိုပြီး စက်ရုံကို ၂၀၀၂ခုနှစ် ဧပြီ ၁၀ရက်မှာ ဖွင့်လှစ် ခဲ့ပါတယ်''။

''ဒါ့အပြင် တိုးချဲ့စက်ဘီး အစိတ် အပိုင်း ၁၅မျိုး ထုတ်လုပ်မှုအတွက် Samra International (P) Limited နဲ့ ၂၀၀၄ခုနှစ် မတ် ၁၉ရက်မှာ စာချုပ်ပြီး မပြီးပြတ်တဲ့လုပ်ငန်းများ ကို Luxmi International နဲ့ ဆက်လက်ဆောင်ရွက်ရာမှာ ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၃၁ရက်မှာ စီမံကိန်းဆောင်ရွက် ပြီးစီးခဲ့ပါတယ်''။

''ယခုအခါမှာတော့ ကျွန်တော် တို့ စက်ဘီးစက်ရုံက အရည်အသွေးမီ မောင်မြန်မာစက်ဘီးများ ထုတ်လုပ် ဖြန့်ဖြူး ရောင်းချပေးနေပါပြီ။ မောင်မြန်မာစက်ဘီးတွေဟာ ပြည်ပက တင်သွင်းတဲ့ စက်ဘီးတွေနဲ့အပြိုင် ခိုင်ခံ့မှု၊ တောင့်တင်းမှု၊ လှပမှုကောင်းပါ တယ်။ ထူးခြားတာက ပြည်ပက တင်သွင်းတဲ့ စက်ဘီးတစ်စီး ကျပ် ၈၀၀၀၀လောက်ရှိနေချိန်မှာ မောင်မြန်မာ စက်ဘီးက တစ်စီးကို ကျပ် ၄၀၀၀၀ပဲ ရှိပါတယ်။ ဈေးနှုန်းက ထက်ဝက် သက်သာပေမယ့် ပစ္စည်းအရည်အသွေး အတူတူပါပဲ။ ဒါကြောင့် မောင်မြန်မာ စက်ဘီးတွေကို ပြည်သူတွေ ဝယ်လိုအား တောင်းဆိုမှုအရ တစ်နှစ်ထက်တစ်နှစ် စီးရေတိုး ထုတ်ပေးနေရပါတယ်''ဟု စက်ရုံမှူး ဦးစိုးဦးက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ထုတ်လုပ်ပြီးစက်ဘီးခွေများကို အမျိုးသမီးများက ဤသို့ အရည်အသွေးစစ်ဆေးနေကြသည်။

(မြန်မာ့အလင်း)

စက်ဘီးစက်ရုံ(ကျောက်ဆည်)လုပ်ငန်းခွင်တစ်နေရာကို ဤသို့တွေ့ရသည်။

(မြန်မာ့အလင်း)

ဖြန့်ဖြူး

စက်ဘီးစက်ရုံ(ကျောက်ဆည်)မှ ၂၈လက်မ ကျားစီးစက်ဘီး၊ ၂၈လက်မ အမျိုးသမီးစီးစက်ဘီး၊ ၂၈လက်မ ဝန်တင် စက်ဘီး၊ ၂၆လက်မ အမျိုးသမီးစီး စက်ဘီး၊ ၂၄လက်မ လျှပ်စစ်စက်ဘီး၊ ၂၄လက်မ အမျိုးသမီးစီးစက်ဘီး၊ ၁၈လက်မ ပုံစံသစ် လျှပ်စစ်စက်ဘီး များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက် ရှိကြောင်း သိရသည်။

ရောင်းချ

စက်ဘီးစက်ရုံ(ကျောက်ဆည်)မှ ထုတ်လုပ်ထားသော စက်ဘီးများကို အမြို့မြို့အနယ်နယ်ရှိ ဝင်းသူဇာ အရောင်းဆိုင်များ၊ ဌာနဆိုင်ရာများ နှင့် ဈေးပွဲတော်များမှတစ်ဆင့် ဖြန့်ဖြူး ရောင်းချပေးလျက်ရှိသည်။ ယင်းစက်ရုံမှ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေး နှစ်အတွင်း စက်ဘီးစီးရေ ၂၀၅၃၂စီး ထုတ်လုပ်ခဲ့ကြောင်း၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း စက်ဘီးစီးရေ ၃၃၅၀၆စီး ထုတ်လုပ်သွားမည်ဖြစ် ကြောင်း သိရသည်။

စက်ဘီးစက်ရုံ(ကျောက်ဆည်)တွင် ထုတ်လုပ်ရေးလုပ်ငန်းခွင်များဖြစ်သော ကိုယ်ထည်(Frame)၊ ဆင်စွယ်(Fork)၊ ရွှံ့ကာ(Mudguard)၊ ချိန်းဖုံး(Chain-guard)၊ ခွေ(ဝွေ)(Rim)၊ ကယ်ရီယာ (Carrier)၊ စပုတ်တံနှင့် စပုတ်ခေါင်း (Spoke of Nipple)တို့ကိုလည်း လေ့လာခဲ့သည်။

တွေ့ရ

ထို့အပြင် ဖင်ထိုင်ခုံ (Saddle)၊ ဘရိတ်(Brake Assemably)၊ စတီယာရင်ခုံ (Steering Assembly)၊ ဘဲလ် (Bell)၊ လက်ကိုင် (Handle Bar)၊ ပဒေါင်း (Hub Assembly)၊ ဖရီးဗွီး(Free Wheel)၊ ဒေါက်(Stand) နှင့် ချိန်းကြိုး(Chain)များ ထုတ်လုပ် နေမှုများကိုလည်း တွေ့ရသည်။

သို့ဖြစ်၍ စက်ဘီးစက်ရုံ (ကျောက်ဆည်)မှ စက်ဘီးတစ်စီး လုံးကို ပြည်တွင်းဖြစ်ထုတ်ကုန် ပစ္စည်းများဖြင့် အရည်အသွေးမြင့်မား စွာ ထုတ်လုပ်နေသည်မှာ စက်မှု တစ်ခေတ် တိုးတက်ပြောင်းလဲလာ သော မြင်ကွင်းများအဖြစ် တွေ့မြင် ရ၍ ဂုဏ်ယူမိပါသည်။

အားရဖွယ်

ယင်းစက်ဘီး စက်ရုံအတွင်း အလုပ်လုပ်ကိုင်နေကြသော ကျွမ်းကျင် ပညာရှင်များနှင့် ဝန်ထမ်းစက်ရုံ အလုပ်သမားအများစုမှာ အမျိုး သမီးဝန်ထမ်းများဖြစ်သည်။ အမျိုး သမီးများသည် စက်ဘီးတစ်စီးလုံး၏ အစိတ်အပိုင်းအမျိုးမျိုးကို ခေတ်မီ စက်ကိရိယာများဖြင့် ကျွမ်းကျင် ပိုင်နိုင်စွာ ကိုင်တွယ်ပြီး ထုတ်လုပ် နေသည်မှာ အမျိုးသမီးထု တစ်ရပ် လုံးအတွက် အားကျဖွယ်ရာ မြင်ကွင်း ပင်ဖြစ်သည်။

အရည်အသွေးမီ

သို့ဖြစ်၍ စက်ဘီးစက်ရုံ (ကျောက်ဆည်)ကို တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းကြောင့် ဒေသ တွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာသည့်အပြင် အရည် အသွေးမီ စီး၍ကောင်း၊ ဈေးနှုန်း သက်သာ မောင်မြန်မာစက်ဘီးများ ကို ပြည်ပသွင်းကုန်အစားထိုးအဖြစ် ထုတ်လုပ်ပေးနေပြီဖြစ်၍ စက်မှု တစ်ခေတ်တိုးတက်လာသော မြင်ကွင်း သစ်အဖြစ် မြင်တွေ့နေရပြီဖြစ်ပါ ကြောင်း သတင်းမြင်ကွင်း တင်ပြ လိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)



စက်ဘီးစက်ရုံ(ကျောက်ဆည်)၌ ထုတ်လုပ်ထားသော စက်ဘီး ကိုယ်ထည်များ။

(မြန်မာ့အလင်း)

...မှုအကျင့်ကောင်းများ၊ အရည်အသွေးများ ပိုင်ဆိုင်ထားသူ ... Mr. and Ms. SMART Contest ကျင်းပမည်

ဆရာဝန်အသင်း လူငယ်ဖွံ့ဖြိုးမှုအစီ အစဉ်က ဦးစီးကျင်းပမည် ဖြစ်သည်။

စာရင်းသွင်းနိုင်

ဒီဇင်ဘာ ၇ ရက်တွင် ပဏာမ ရေးဖြေကို မြန်မာနိုင်ငံဆရာဝန်အသင်း ၌လည်းကောင်း၊ ဒီဇင်ဘာ ၁၁ရက်တွင် နောက်ဆုံးပြိုင်ပွဲကို Chatrium Hotel ၌လည်းကောင်း အဆင့်ဆင့် ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ လူငယ်များအနေဖြင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း လူငယ်ဖွံ့ဖြိုးမှုအစီ အစဉ် ရုံးခန်း အမှတ်(၂၃၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ တွင် ဒီဇင်ဘာ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက် ရုံးအချိန်အတွင်း မှတ်ပုံတင်ကြေး ငွေကျပ် ၁၀၀၀နှင့်အတူ ကိုယ်တိုင် ပုံစံဖြည့်၍ စာရင်းသွင်းနိုင်သည်။

ဆက်သွယ်မေးမြန်း

အသေးစိတ်သိရှိလိုပါက လူငယ် ဖွံ့ဖြိုးမှုအစီအစဉ် ဖုန်း-၃၈၀၈၉၉၊ ၃၉၄၁၄၁၊ ၃၇၈၈၆၃-လိုင်းခွဲ ၁၂၄နှင့် ၃၉၉၀၂၀တို့သို့ ဆက်သွယ်မေးမြန်း နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

1-12 (09).pmd 1 12/1/2009, 1:51 PM

လနတ်တော်နှင့် စာဆိုတော်နေ့

နတ်တော်လသည် မြန်မာတစ်ဆယ့်နှစ်လတွင် ကိုးလမြောက်ဖြစ်သည်။ ရာသီအားဖြင့် ဓနုရာသီ၊ စန်းယှဉ်နက္ခတ်မှာ မိဂသီဖြစ်သည်။ ရာသီရုပ်မှာ လေးဆွဲသော ယောကျ်ားရုပ်ဖြစ်သည်။ ရာသီပန်းမှာ တော်ဝင်နတ်ပန်းဟု တင်စားကြရသော သဇင်ပန်းဖြစ်သည်။

ရှေးဘုရင်များလက်ထက်က ရွှေသိုင်းများရှေ့ဆောင်ကာ ဘုရင်မင်းမြတ်အား ဆက်သရမြဲဖြစ်သော ပန်းမြတ်သဇင်တို့ ဤနတ်တော်လတွင် ဖူးပွင့်မြဲဖြစ်ကြောင်းကိုရည်၍ ရှင်ဥတ္တမကျော်က "ရွှေသိုင်းဝင့်ချီ၊ မိုးရင့်သီလျက်၊ မတီကေတု၊ တိုင်းဓေယုက၊ သမ္ဘုတိမှန်၊ ကေသာနံ့သည်၊ ရွှေလျှံသဇင်၊ ဂမုန်းအင်လည်း၊ ဥကင်မြင့်ကောင်၊ ရန့်လှောင်ခဲ့" ဟု စပ်ဆိုခဲ့သည်။

လမြတ်နတ်တော် ကောက်သစ်ငယ်တို့ ပေါ်ဦးခြင်းကြောင့် တောင်သူလယ်သမားများ ပျော်မြူးကြသော ရာသီထူးလည်းဖြစ်သည်။ ကောက်သစ်စားပွဲများလည်း ကျင်းပကြသည်။ ရှေးလူကြီးများက "လနတ်တော် မုန့်ဆန်းလှော်"ဟု ဆိုကြသည်။

နတ်တော်လဟုတွင်သည်မှာ ထိုလတွင် နတ်ကို ပူဇော်ပသရသောကြောင့်ဖြစ်သည်။ ရှေးအခါက ဗြဟ္မဏပုဏ္ဏားတို့သည် ဘုရင့်အပါး၌ ဘုရင်အား မြှောက်စားချီးကျူးလျက် လောကီအကျိုးထူးများဖြစ်စေရန် ဖန်တီးပေးကြလေ့ရှိသည်။ နှစ်ရှည်ကြာလာသည့်အခါတွင် မြန်မာတို့၏ ရိုးရာဓလေ့ကဲ့သို့ မှတ်ယူ စွဲလမ်းလာကြပြီး မြန်မာစာပေကျမ်းဂန်များ၊ လောကဓမ္မ၊ ရာဇရေးရာ အဖြာဖြာတို့၌ပင် ဗြဟ္မဏတို့၏ အာဘော်များ ပါဝင်လာခဲ့သည်။ ရတနာပူရ အင်းဝနန်းတည် ဘိုးတော်ဘုရင်လက်ထက်တွင် ဗြဟ္မဏပုဏ္ဏားတို့၏ ဝါဒအဟောင်းအဆွေးများကို စာပေတို့မှ ထုတ်နုတ်သုတ်သင်၍ မြန်မာစာပေကို သန့်စင်စေခဲ့သည်ဟု အဆိုရှိသည်။ ဗြဟ္မဏပုဏ္ဏားပညာရှိများကိုလည်း ဟူးရားသမားအဖြစ် သီးခြားခန့်ထား၍ သက်ဆိုင်ရာတို့၌သာလျှင် အမှုထမ်းစေခဲ့သည်။

ထိုအချိန်မှ စတင်၍ နတ်တော်လတွင် နတ်ပူဇော်ပွဲကျင်းပခြင်းကို ပြောင်းလဲ၍ မြန်မာပညာရှိကြီးများအား ချီးမြှောက်ပူဇော်သော ပွဲတော်ရာသီအဖြစ် သတ်မှတ်ခဲ့ကြသည်။ နတ်တော်လရာသီပွဲတော်တွင် စာပေပညာရှိကြီးများနှင့်တကွ ထူးချွန်သောလူရည်ချွန်များကိုလည်း ချီးမြှောက်ထောက်ပံ့ခဲ့ကြသည်။ ဘိုးတော် မင်းတရားကဲ့သို့ပင် မြန်မာစာပေနှင့် ယဉ်ကျေးမှုတို့ကို သုတ်သင်ပြုစုလာခဲ့ကြရာ အင်းဝခေတ်မှ ရတနာပုံခေတ်သို့တိုင်အောင် မြန်မာစာပေသမိုင်းဆက်သည် ပြောင်မြောက်သန့်စင်ခဲ့သည်။

သူ့ကျွန်ဘဝရောက်ခဲ့ရသော ကိုလိုနီခေတ်၌မူ မြန်မာစာပေသည် အားနည်းမှေးမှိန်ခဲ့ရသည်။ နိုင်ငံရေးနှင့် အမျိုးသားရေးစိတ်ဓာတ်များနိုးကြားလာသော ကိုလိုနီခေတ်နှောင်းပိုင်းကာလတွင် မြန်မာစာပေသည် ပြန်လည် ဦးမော့လာခဲ့သည်။ မြန်မာစာရေးဆရာများ၏ စုစည်းမှုများလည်း ဖြစ်ပေါ်လာခဲ့သည်။ ၁၃၀၆ခုနှစ်တွင် စာဆိုတော်နေ့ ကျင်းပနိုင်ရေးအတွက် စာပေဆိုင်ရာလူကြီးများ စုဝေးညှိနှိုင်း၍ နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။

ဂျပန်ခေတ် ပြန်လည်ဖွဲ့စည်းသော မြန်မာနိုင်ငံ စာရေးဆရာအသင်းတွင် ဥက္ကဋ္ဌမှာ သူရိယဦးသိန်းမောင်ဖြစ်ပြီး ငွေထိန်းအဖြစ် ဒေါ်ဒဂုန်ခင်ခင်လေး၊ အမှုဆောင်လူကြီးများအဖြစ် မဟာဆွေ၊ ဒဂုန်နတ်ရှင်၊ ဒဂုန်ရွှေမျှား၊ ဇေယျ၊ ရွှေပိန်သောင်း၊ သခင်၊ ဂျာနယ်ကျော် ဦးချစ်မောင်၊ မြို့မမောင်၊ မြန်မာ့ရုပ်ရှင် ဦးမောင်မောင်၊ ဆရာကျော်၊ ဆရာစိန်၊ မြဒေါင်းညို၊ ဇဝန၊ သုခ စသည်တို့ ပါဝင်ကြသည်။

စာရေးဆရာများအသင်း၏ ပထမဦးဆုံးသော စာဆိုတော်နေ့ကို ၁၃၀၆ခုနှစ် နတ်တော်လဆန်း ၁ရက်နေ့၊ ၁၉၄၄ခုနှစ်၊ နိုဝင်ဘာလတွင် ရွှေဂုံတိုင်လမ်း ကုန်းမြင့်ပေါ်ရှိ ဒဂုန်ခင်ခင်လေးစာအုပ်တိုက် မျက်နှာစာရှိ မြက်ခင်းပြင်၌ ကျင်းပခဲ့သည်။ ညနေ ၃နာရီတွင် ရောက်ရှိလာသော စာရေးဆရာများနှင့် ဧည့်သည်တော်များအား ရေနွေးကြမ်း၊ ဘူးသီးကြော်၊ မုန့်စိမ်းပေါင်းတို့ဖြင့် ဒေါ်ဒဂုန်ခင်ခင်လေးက ဧည့်ခံကျွေးမွေးလေသည်။ ပထမဦးဆုံးသော စာဆိုတော်နေ့အခမ်းအနားတွင် စာရေးဆရာများအသင်း ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးမှ

ပန်းတောင်းသန်းကြွယ်

စာရေးဆရာများအပါအဝင် စာရေးဆရာများက မြန်မာ့စာဆိုတော် အကျော်အမော်များ ဖြစ်ကြသော အနန္တသူရိယ၊ လက်ဝဲသုန္ဒရ၊ နတ်သျှင်နောင်၊ နဝဒေး၊ ဦးပေါ်ဦး၊ မမြကလေး၊ လှိုင်ထိပ်ခေါင်၊ ဦးပုည၊ အချုပ်တန်းဆရာဖေစသော ပုဂ္ဂိုလ်ကြီးများ၏ စာပေဂီတ၊ ကဗျာများရွတ်ဆို၍ ချီးကျူးဂုဏ်ပြုကြသည်။

ယင်းစာဆိုတော်နေ့ အခမ်းအနား ပြီးဆုံးသည့်နေ့ ညနေပိုင်းတွင် စာရေးဆရာများ၏ စာပေဟောပြောပွဲ၊ စာပေရွတ်ဆိုပွဲတစ်ရပ်ကို ဗဟန်းကန်တော်ကြီးရှိ မြိုင်ရုံတွင်ပြုလုပ်ရာ စာပေဝါသနာရှင်များ၊ ပညာရှိပုဂ္ဂိုလ်များ၊ ပညာရေးဌာနမှ ဆရာဆရာမများ ပါဝင်ပူးပေါင်း၍ ရှေးခေတ် စာဆိုတော်ကြီးများ၏ ပြောင်မြောက်သော အရေးအသားတို့မှ ထုတ်နုတ်ရွတ်ဆိုခြင်းဖြင့် ဂုဏ်ပြုကြသည်။ စာရေးဆရာသုခ၏ ဦးပုည ဝိဇယပြဇာတ်မှ ထုတ်နုတ်ရွတ်ဆိုဂုဏ်ပြုသော သရုပ်ပြကဏ္ဍမှာ လူကြိုက်အများဆုံးဖြစ်ကာ နာမည်ကြီးခဲ့သည်။

၁၉၄၅ခုနှစ် ဖေဖော်ဝါရီ ၁ရက်မှ ၁၂ရက်အထိ စာရေးဆရာအသင်း ရန်ပုံငွေအတွက် ဝိဇယပြဇာတ်ကို မြိုင်ရုံ၌ တင်ဆက်ကပြခဲ့သည်။ စာရေးဆရာများကိုယ်တိုင်ပါဝင်ကပြကြရာ ဝိဇယမင်းသားအဖြစ် သုခ၊ မယ်ကုဝဏ်အဖြစ် သီတာခင်ထွေး၊ ဝန်ကြီးများအဖြစ် မဟာဆွေ၊ ဒဂုန်ရွှေမျှား၊ ဆရာဟိန်နှင့် ဇဝနတို့က သရုပ်ဆောင်ကြသည်။ မုဆိုးအဖြစ် သတင်းထောက်ကိုချစ်ဦး၊ သိကြားမင်းအဖြစ် သခင်၊ နတ်မင်းအဖြစ် ရွှေပိန်သောင်း၊ ဘီလူးမင်းအဖြစ် ဝဇီရာ၊ ရှင်ဘုရင်အဖြစ် သဇင်မြင့်တို့က သရုပ်ဆောင်ခဲ့ကြသည်။

နောက်နှစ် ၁၉၄၆ခုနှစ် နိုဝင်ဘာလတွင် စာရေးဆရာပြဇာတ်ကို စာဆိုတော်နေ့နှင့် တစ်ပြိုင်တည်း ကပြခဲ့ကြသည်။ နောက်ပိုင်းကာလများတွင် စာရေးဆရာပြဇာတ်များ ရံဖန်ရံခါသာ ပြသနိုင်ခဲ့သော်လည်း စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲများ၊ ကဗျာရွတ်ဆိုပွဲများ၊ သက်ကြီးစာပေပညာရှင်ကြီးများ ကန်တော့ပွဲတို့ကို စဉ်ဆက်မပြတ် ကျင်းပလာနိုင်ခဲ့သည်။ စာပေဟောပြောပွဲများသည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မြို့နယ်ဒေသများအလိုက် ဆောင်းကာလတစ်လျှောက် ခြိမ့်ခြိမ့်သဲကျင်းပကြရာ နှစ်သက်အားရဖွယ်ကောင်းလှသည်။

ထူးခြားချက်မှာ ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံတွင်မျှ မရှိသေးသော စာဆိုတော်နေ့က ပေါက်ဖွားလာသည့် အသက်(၈၀)ကျော် သက်ကြီးစာပေပညာရှင်များကန်တော့ပွဲ နှစ်စဉ်အောင်မြင်စွာ ကျင်းပနိုင်ခြင်းပင်ဖြစ်သည်။ သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နှစ်စဉ် ရန်ပုံငွေမတည်လှူဒါန်းပေးခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများ၊ ရန်ကုန်-မန္တလေး စည်ပင်သာယာရေးကော်မတီများ၊ ပုဂ္ဂလိကအလှူရှင်များစုပေါင်း၍ ထည့်ဝင်လှူဒါန်းကြသဖြင့် ငွေသားအလှူငွေများ၊ ဆေးဝါးများ၊ အသုံးအဆောင်ပစ္စည်းများဖြင့် သက်ကြီးစာပေပညာရှင်များအား ထိုက်တန်စွာ ကန်တော့နိုင်ကြသည်။

ယခုနှစ်တွင် သက်ကြီးစာပေပညာရှင် ၁၃၁ ဦးတို့အား ငွေသား၊ ဆေးဝါးများ၊ အသုံးအဆောင်ပစ္စည်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကန်တော့နိုင်ရန်စီစဉ်လျက်ရှိရာ များစွာ နှစ်သက်အားရဖွယ် ကောင်းလှသည်။

စာပေသည် လူမျိုး၏ ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်သည်။ စာအုပ်မျိုးစုံသည် လူသားတို့၏ ခေတ်ကြေးမုံပင်ဖြစ်သည်။ စာအုပ်စာပေသည် လူ့မိတ်ဆွေဖြစ်ရာ စာပေမြင့်မှ လူမျိုးမြင့်မည်ဖြစ်သည်။ စာပေသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းကို ထင်ဟပ်ဖော်ပြနေပေရာ မိမိဘဝ၊ မိမိလူမျိုး၊ မိမိတိုင်းပြည်ကို ချစ်မြတ်နိုးသူတိုင်းသည် စာချစ်ပေချစ်စိတ်ရှိပြီး နတ်တော်မာသ စာဆိုလတွင် စာပေနှင့်ယဉ်ကျေးမှု အမျိုးသားရေးလှုပ်ရှားမှုများတွင် တစ်တပ်တစ်အား ပါဝင်ဆင်နွှဲသင့်လှပါကြောင်း ရေးသားလိုက်ရပေသည်။ ။

စာပေသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းကို ထင်ဟပ်ဖော်ပြနေပေရာ မိမိဘဝ၊ မိမိလူမျိုး၊ မိမိတိုင်းပြည်ကို ချစ်မြတ်နိုးသူတိုင်းသည် စာချစ်ပေချစ်စိတ်ရှိပြီး နတ်တော်မာသ စာဆိုလတွင် စာပေနှင့်ယဉ်ကျေးမှု အမျိုးသားရေးလှုပ်ရှားမှုများတွင် တစ်တပ်တစ်အား ပါဝင်ဆင်နွှဲသင့်။

စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောဆုပေးပွဲအခမ်းအနား ပေါင်မြို့နယ်၌ကျင်းပ

ပေါင် နိုဝင်ဘာ ၃၀

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ ၁၇ရက် နံနက် ၁၀နာရီက အထကပေါင် ရွှေရတုခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဟောပြော

အခမ်းအနားတွင် ပေါင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်အောင်ဌေးက အဖွင့်အမှာစကားပြောကြားပြီး စာဆိုတော်နေ့သဝဏ်လွှာကို စာရေးဆရာ သထုံ(အေးသိန်း)က ဖတ်ကြားသည်။ ထို့နောက် စာပေဟောပြောပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ စာရေးဆရာမောင်စိမ်းညို(ပေါင်)က ဝတ္ထုတိုတစ်ပုဒ်ဖန်တီးခြင်း၏ အတတ်ပညာခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်ဦး(ဥတ္တံတား)က အတုယူသင့်မယူသင့် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဘုန်းပြည်တေ(ပေါင်)က အကောင်းမြင်မှ အမြင်ကောင်းမည် ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် နိုဝင်ဘာ ၃၀

မုဒုံအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

မုဒုံမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြစံပယ်လမ်း ပါရမီ(ရေကူး)ရှိ ဝိဇ္ဇောတာရုံစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

ဝါးခယ်မအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ဂုဏ်ပြုပွဲအခမ်းအနားကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး မဟာသိမ်တော်ကြီးကျောင်းတိုက်၌ လာမည့် ဒီဇင်ဘာ ၂၀ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ဖုန်း-၂၂၆၅၉၀ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

၁၉၅၅-၁၉၇၀ခုနှစ်အတွင်း စိန့်ဂျွန်း ဒိုင်အိုစီစင် အမျိုးသားကျောင်းတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းနေဖက်သူငယ်ချင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၅ရက် (စနေနေ့) နံနက် ၉နာရီတွင် မရမ်းကုန်းမြို့နယ် ပေါက်စေတီကျောင်းတိုက်၌ ကျင်းပမည်ဖြစ်၍ ဖုန်း-၆၅၁၂၉၁ နှင့် ၇၂၂၄၄၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ပေါက်ခေါင်းမြို့ အထက်တန်းကျောင်း မြတ်ဆရာပူဇော်ပွဲ

ပဲခူးတိုင်း ပေါက်ခေါင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၂၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အထက ရွှေရတုခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၁၅၃၀၃ နှင့် ၀၅၃- ၂၅၇၆၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပြည်နယ်/တိုင်းဘိလိယက်နှင့် စနူကာလူရွေးပွဲကျင်းပမည်

၂၀၀၉ခုနှစ် နဝမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘိလိယက်နှင့် စနူကာပြိုင်ပွဲတွင် ရန်ကုန်တိုင်းကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်နိုင်ရန် ရန်ကုန်တိုင်းအားကစားနှင့် ကာယပညာကော်မတီ ရန်ကုန်တိုင်း ဘိလိယက်နှင့် စနူကာဆပ်ကော်မတီက ကြီးမှူး၍ လူရွေးပွဲကို ဒီဇင်ဘာ ၂၈ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ မေဟွားဘိလိယက်စင်တာ၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများ ဖုန်း-၃၈၉၈၅၃သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

စိန့်ပေါလ်ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်ပွဲ

အထက(၆) ဗိုလ်တထောင် စိန့်ပေါလ်ကျောင်းသားဟောင်းများ၏ နှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီခွဲတွင် ဥက္ကလာဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဖုန်း-၅၈၀၂၂၁၅၄၇၄၅၅ နှင့် ၀၉-၅၀-၁၉၀၅၃ တို့သို့ ဆက်သွယ်နိုင်သည်။

စက်မှုလက်မှု အထက(၁) မြတ်ဆရာ ပူဇော်မည်

ရန်ကုန်မြို့ နတ်မောက်လမ်းရှိ စက်မှုလက်မှုအထက(၁) ကျောင်းသားဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကန်တော်ကြီး ဗဟန်း ဗိုလ်ချုပ်ပန်းခြံရှိ ရှိုင်ရယ်ဂါးဒင်းစားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ပြီး ဖုန်း-၀၉-၈၀-၂၂၉၅၆ နှင့် ၅၁၂၉၁၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ရုပ်ရှင်သရုပ်ဆောင် အခြေခံသင်တန်းတက်ရောက်နိုင်

ရုပ်ရှင်အနုပညာဝါသနာပါသော လူငယ်များအတွက် ရုပ်ရှင်ဒါရိုက်တာ စာရေးဆရာ ဦးသုခရဲ့ ရာပြည့်မွေးနေ့ အမှတ်တရအဖြစ် ပညာဒါန သရုပ်ဆောင်အခြေခံသင်တန်းဖွင့်လှစ်မည်ဖြစ်ရာ စိတ်ဝင်စားသူများ စံကားဝါသရုပ်ဆောင်သင်တန်း အမှတ်(၂) မိုးကောင်းလမ်း ရန်ကင်းမြို့နယ် ဖုန်း-၄၀၀၅၆၀ လိုင်းခွဲ ၂၀၂ နှင့် ၅၄၁၀၀၂ တို့သို့ လျှောက်ထားနိုင်သည်။

ပန်းအလှပြုပြင်မှုသင်တန်း တက်ရောက်နိုင်

ပန်းအလှပြုပြင်မှု ဝါသနာရှင်များအတွက် မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းက ကြီးမှူး၍ အခြေခံပန်းအလှပြုပြင်မှုသင်တန်းကို လာမည့် ဒီဇင်ဘာ ၈ရက်မှ ၁၅ရက်အထိ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ အသင်းရုံးခန်းမဆောင်၌ ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်း တက်ရောက်လိုသူများသည် ဖုန်း-၃၇၉၃၆၁ သို့ ဆက်သွယ်တက်ရောက်နိုင်သည်။

ဘူမိဗေဒ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန်တက္ကသိုလ် (၁၉၇၉) ဘူမိဗေဒ ကျောင်းသားဟောင်းများ၏ နှစ်(၃၀)ပြည့် အထိမ်းအမှတ် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို လာမည့် ဒီဇင်ဘာ၂၆ရက်(စနေနေ့) နံနက်၉နာရီတွင် M-3 Food Centre (ဗဟန်း အားကစားဝင်း) ၌ ကျင်းပမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

စုစည်းတင်ပြသူ - ဝင်းကျော်

ပုသိမ်၌ မူးယစ်ဆေးဝါးကင်းစင်ရေးဟောပြော

ပုသိမ် နိုဝင်ဘာ ၃၀

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ကျင်းပသော မူးယစ်ဆေးဝါးကင်းစင်ရေး ပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၃ရက်က ပုသိမ်မြို့ အထက(၂) ပညာရွှေရည်ခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးချစ်လွင် **(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး ဧရာဝတီတိုင်း မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဗိုလ်မှူးတင်ဖေအေး(ငြိမ်း)နှင့် အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာအောင်စိန်၊ ဒေါက်တာစောလော အယ်ထူးတို့က လူငယ်ဘဝနှင့် မူးယစ်ဆေးဝါးအန္တရာယ် ဖြစ်ရပ်မှန် သာဓကများစွာဖြင့် စိတ်ဝင်စားဖွယ်ဟောပြောကြသည်။

ဟောပြော

အခမ်းအနားသို့ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၈၀၀ကျော် တက်ရောက်ကြပြီး အဆိုပါအဖွဲ့သည် ပုသိမ်မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများသို့ အလှည့်ကျဟောပြောခဲ့သည်။ (၁၅၇)

စံ(၅)ချက်ညီ စာကြည့်တိုက်များဖြစ်ပေါ်ရေး ပန်းတနော်မြို့နယ်ပြန်/ဆက် ညှိနှိုင်းဆွေးနွေး

ပန်းတနော် နိုဝင်ဘာ ၃၀

ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်လှိုင်နှင့် စာထောက်-၃ ဒေါ်ဌေးဌေးစိုးတို့သည် နိုဝင်ဘာ၇ရက်က ရုံးတောကျေးရွာအုပ်စုသို့ရောက်ရှိပြီး ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျေးရွာများမှ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများနှင့်တွေ့ဆုံပြီး ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စံ(၅)ချက်နှင့်ညီသည့် စာကြည့်တိုက်များဖြစ်ရေး၊ စာအုပ်စာစောင်တိုးပွားရေးနှင့် စာဌားကတ်စနစ်ကျင့်သုံးရေးတို့ကို ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။ (ယာပုံ) (မြို့နယ် ပြန်/ဆက်)

မင်းတပ်မြို့ အမှတ်(၂)အထက်တန်းကျောင်း၌ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ဟောပြော

မင်းတပ် နိုဝင်ဘာ ၃၀

မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် စာပေမြင့်မှ လူမျိုးမြင့်မည် ဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၂နာရီက မင်းတပ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးစောဦးက အဖွင့်အမှာစကားပြောကြားပြီး မင်းတပ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချိုချိုသိန်းက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ မင်းတပ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စိုးစိုးထွန်းက စာပေမြင့်မှ လူမျိုးမြင့်မည် ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်အသင်းဝင်ကတ်၁၀၀နှင့် ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ် စာစောင် ၁၅၀ကို ပေးအပ်လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဒေါ်စိုးစိုးထွန်းက လက်ခံယူသည်။ ***(ခရိုင် ပြန်/ဆက်)***

ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် တာဝန်ရှိသူများ နိုဝင်ဘာ ၁၇ရက်က သန်လျင်မြို့ ဗိုလ်ချုပ်နေဝင်းလမ်း ဘေးဝဲယာ ကတ္တရာလမ်း ချဲ့ထွင်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူးဦးမြင့်စိုးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



မြင်းမူအထက အာစရိယပူဇော်ပွဲ

မြင်းမူ နိုဝင်ဘာ ၃၀

မြင်းမူအထကတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို လာမည့် ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၆ရက် (စနေနေ့) နံနက်၇နာရီတွင် မြင်းမူ အထကခန်းမဆောင်၌ကျင်းပမည်ဖြစ်သည်။ အငြိမ်းစားဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ မြင်းမူအထကသို့ ကျင်းပမည့်ရက် နံနက်၇နာရီတွင် တက်ရောက်ရန်ဖြစ်ပြီး လှူဖွယ်ပစ္စည်းနှင့် လှူဒါန်းငွေများ ပေးပို့ဆက်သွယ်လိုပါက ဦးစောလွင် အမှတ်(၂)နယ်မြေ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖုန်း-၀၇၁-၄၀၁၂၃၊ ဦးလှိုင်ကျော်ဦး (ထွန်းပွဲရုံ) ဖုန်း-၀၇၁-၄၀၂၅၁၊ ဦးဖေသက်ကို(ရွှေဆိုင်) ဖုန်း-၀၇၁-၄၀၁၆၀၊ ဦးချစ်ရီ(ဟန်ထူးမွန်စတိုး) ဖုန်း-၀၇၁-၄၀၁၂၄၊ ဦးကျော်မြင့်(သစ်စက်) ဖုန်း-၀၇၁-၄၀၁၁၄၊ ဦးသောင်းလင်း(ဆီစက်) ဖုန်း-၀၇၁-၄၀၀၂၀ နှင့် ဒေါ်သန်းညွန့် အထကကျောင်းအုပ်ဆရာမကြီး ဖုန်း-၀၇၁-၄၀၃၀၁ တို့သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၃၅)

မော်ဘီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသရေရရှိရေးလုပ်ငန်းများအတွက်နိုဝင်ဘာ၂၅ရက်က ဘိုးဒေါနကုန်းကျေးရွာ၌ လေးလက်မစက်ရေတွင်းတူးဖော်ခြင်းကို အဖွဲ့ရုံးလက်ထောက်အင်ဂျင်နီယာ ဦးမြင့်ဦး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်စိုးဦးဆောင်၍ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ပညာပေးဆိုင်းဘုတ်စိုက်ထူပွဲကို နိုဝင်ဘာ ၁၉ရက်က ကန့်ဘလူနှင့် ဇီးကုန်းမြို့နယ်တို့၌ကျင်းပရာ ယာဉ်စည်းကမ်းကြီးကြပ်ရေးကော်မတီဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်အားပေးစဉ်။ (၀၂၇)

မိုးစပါးသီးနှံများ ရိတ်သိမ်းခြွေလှေ့၊ သိုလှောင်ရာတွင် အလေအလွင့်မရှိစေရေးနှင့် ဆန်ထွက်ကောင်းမွန်ရေးအတွက် နှိုးဆော်ချက်

၁။ ယခုအချိန်အခါတွင် မိုးစပါးများ စတင်ရိတ်သိမ်းနေပြီဖြစ်ပါသည်။ စပါးရိတ်သိမ်းနယ်လှေ့ခြင်းနှင့် ဆန်အရည်အသွေး ဆက်နွယ်လျက်ရှိသည်ကိုလည်း စပါးစိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားအများစုအနေဖြင့် သိရှိပြီး ဖြစ်ပါသည်။ ဆန်အကျိုးအကြေအနည်းဆုံးဖြစ်စေရေးအတွက် စပါးကိုမောင်းညှိချိန်၌ ရိတ်သိမ်းရန် လိုအပ်ပါသည်။ စပါးပင်တစ်ပင်လုံး၏ ၈၅ရာခိုင်နှုန်းခန့်သည် အဝါရောင်သန်းလာပါက မောင်းညှိချိန်ကာလဟု သတ်မှတ်၏။ စပါးအစိုဓာတ်ဖြင့် တိုင်းတာပြောဆိုလျှင် ၁၉-၂၀ရာခိုင်နှုန်းအတွင်း ရှိနေချိန်ဖြစ်၏။ စပါးအဝါရောင်သန်းလာသည်နှင့်အမျှ စတင်ရိတ်သိမ်းသင့်ပါသည်။

၂။ ရိတ်သိမ်းပြီး စပါးကောက်လှိုင်းများကို ကန်သင်းပေါ်တွင်ဖြစ်စေ၊ အခြားသင့်တော်ရာ တစ်နေရာတွင်ဖြစ်စေ အချိန်ကြာမြင့်စွာ စုပုံထားပါက စပါးသည် စိုလိုက်၊ ခြောက်လိုက် ဖြစ်နေခြင်းကြောင့် အဆစ်ကျိုးစပါးများ ဖြစ်ပေါ်လာပါသည်။ အဆစ်ကျိုးစပါးများ ဖြစ်ပေါ်လာပါက ဆန်ကြိတ်ထွက်နှုန်းကို ထိခိုက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ စက်ဖြင့် ရိတ်သိမ်း၊ ခြွေလှေ့ခြင်းကို ဆောင်ရွက်ရပါမည်။ ခြွေလှေ့ပြီးစပါးများကို သိုလှောင်ရာတွင်လည်း အစိုဓာတ် မတူညီသောစပါးများကို တစ်ခုနှင့်တစ်ခု ရောပုံမိလျှင် အဆစ်ကျိုးစပါးများ ဖြစ်ပေါ်လာရန် အခွင့်အလမ်းများရှိခြင်းကြောင့် တတ်နိုင်သမျှ ခွဲခြားထားရန် လိုအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စပါးရိတ်သိမ်းခြွေလှေ့၊ သိုလှောင်ရာတွင် အလေအလွင့် မရှိစေရန်အတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နှိုးဆော်လိုက်ပါသည်-

(က) စပါးအလေအလွင့်မရှိစေရန်မောင်းညှိချိန်တွင်(ရင့်မှည့်ချိန်)တွင် ရိတ်သိမ်းပါ။

(ခ) ရိတ်သိမ်းပြီးကောက်လှိုင်းများကို စုပုံမထားဘဲ တလင်းပျောက်စနစ်ဖြင့် ချက်ချင်း ခြွေလှေ့ခြင်း၊ သိမ်းဆည်းခြင်းကို အလေးပေး ဆောင်ရွက်ပါ။ ဖြစ်နိုင်ပါက စက်ဖြင့်ရိတ်သိမ်းခြွေလှေ့ပါ။

(ဂ) စပါးအပြီး ဆောင်းသီးထပ် (ပဲသီးနှံ+ဆီထွက်သီးနှံ) စိုက်ပျိုးသောဒေသများတွင်ရိတ်သိမ်းပြီး ကောက်လှိုင်းများကို ကန်သင်းပေါ်တွင် အချိန်ကြာမြင့်စွာ စုပုံထားခြင်း အလေ့အထကိုရှောင်ကြဉ်ရန် လိုအပ်ပါသည်။ ကောက်လှိုင်းများကို အချိန်ကြာမြင့်စွာ စုပုံထားခြင်းဖြင့် အဆစ်ကျိုးစပါးများ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။

(ဃ) ခြွေလှေ့ပြီးစပါးများကို အစိုဓာတ်၁၄ရာခိုင်နှုန်းအောက်ရရှိစေရန် နေလှန်း၍ အမိုးအကာအောက်ရောက်အောင် ဆောင်ရွက်ပါ။

(င) ရိတ်သိမ်းပြီး ကောက်လှိုင်းများကို ချက်ချင်းခြွေလှေ့ရန် အချိန်မမီပါက လယ်ကွက်ထဲတွင်မထားဘဲ အမိုးအကာအောက်ရောက်အောင် ချက်ချင်းပို့ခြင်းသို့မဟုတ် ကောက်လှိုင်းများရွှေ့ပြောင်းရန် အချိန်မမီပါက တာလပတ်၊ ပလတ်စတစ် စသည့် အမိုးအကာနှင့် ဖုံးအုပ်ထားပါ။

(စ) တလင်းအတွင်း ကောက်ပြန့်တွင်မိုးမိပါက ကောက်ရိုးများ အမြန်ဆုံးဖယ်ရှားပြီး ရေစိုစပါးများကို နေလှန်းအခြောက်ခံပါ။

(ဆ) ကောက်လှိုင်းများခြွေခြင်း၊ ခြွေပြီးစပါးများ အမြန်ရွှေ့ပြောင်းခြင်း၊ ကောက်လှိုင်းများ အဖုံးအကာများဖြင့် ဖုံးအုပ်ခြင်းစသော လုပ်ငန်းများကို လက်စားလိုက်စနစ်ဖြင့်လည်းကောင်း၊ ဖွဲ့စည်းထားသော ဆယ်လယ်စု အင်အားဖြင့်လည်းကောင်း၊လူအင်အား၊စက်အင်အား အပြည့်အဝအသုံးပြု၍လည်းကောင်း ဆောင်ရွက်ပါ။

(ဇ) ခြွေလှေ့ပြီးစပါးများကို စပါးအခြောက်ခံကိရိယာ(Paddy Dryer)များကို အသုံးပြု၍ အစိုဓာတ်များကို လျှော့နည်းအောင် ဆောင်ရွက်ပါ။

(ဈ) စပါးမသိုလှောင်မီ ဖုန်၊ သဲ၊ ခဲများမပါဝင်စေရန် စနစ်တကျ သန့်စင်ပေးရပါမည်။ ဆန်ဝါဖြစ်စေနိုင်သော အဏုဇီဝပိုးများသည် သိုလှောင်ရုံတွင် ဖုန်၊ သဲ၊ ခဲများနှင့်အတူ တွယ်ကပ်ပေါက်ဖွား လှုပ်ရှားနိုင်သောကြောင့် ဖုန်၊ သဲ၊ ခဲ မပါဝင်စေရန် ဆောင်ရွက်ရပါမည်။

၃။ အထက်ပါအချက်များကို စပါးစိုက်ပျိုးထုတ်လုပ်သူများ တိတိကျကျ လိုက်နာဆောင်ရွက်ကြရန်နှင့် အကယ်၍ မလိုက်နာပါက လယ်တစ်ဧကလျှင် စပါးသုံးတင်းနှင့်အထက် လေလွင့်ဆုံးရှုံးနိုင်ပါသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံး၏ မိုးစပါးစိုက်ဧက ၁၇ သန်းမှ စပါးတင်း ၅၁သန်း လေလွင့်ဆုံးရှုံးနိုင်ပြီး ယင်းပမာဏသည်လူဦးရေ ၃ဒသမ ၄သန်းအတွက် တစ်နှစ်စာစားသုံးနိုင်ပါသည်။ထို့အပြင် ဝယ်ယူ၊ သိုလှောင်၊ကြိတ်ခွဲရာတွင် ဆန်အရည်အသွေးညံ့ဖျင်းသည့် ဆန်ဝါများဖြစ်စေပြီး ဆန်အကျိုးအကြေများ၍ ဈေးကွက်တွင် ရောင်းပန်းမလှဖြစ်ခြင်း၊ စားသုံးရာတွင် အဆင့်မမီခြင်းများ ဖြစ်ပေါ်စေပါသည်။

၄။ ဖော်ပြပါအချက်များကိုကျော်လွှားနိုင်ရန် ဤနှိုးဆော်ချက်များကိုစွမ်းနိုင်သမျှလိုက်နာကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များဖြစ်ရေး မိုးမောက်၌ဆွေးနွေး

မိုးမောက် နိုဝင်ဘာ ၂၆

မိုးမောက်မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာရေး၊ ကိုယ်ပိုင်မြေ၊ အဆောက်အအုံရရှိရေးနှင့် စာဌားကတ်စနစ်ကျင့်သုံးရေးအတွက် မိုးမောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လွန်းနန်းထွေးနှင့်အဖွဲ့ နိုဝင်ဘာ ၂၁ရက်က စိန်လုံ၊ ပန်မူ၊ လော့ဒန် ကျေးရွာများသို့သွားရောက်ပြီး ရပ်ကွက်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံ၍ စံ(၅)ချက်နှင့် ညီညွတ်သော စာကြည့်တိုက်များဖြစ်ရေးတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်လမ်းများကောင်းမွန်ရေးဆောင်ရွက်လျက်ရှိရာ လွန်ကောင်း- နောင်ဝယ် ကျေးလက်ကျောက်ချောလမ်းဆောင်ရွက်ရန်အတွက် ကျောက်များစုဆောင်းထားမှုကို အမှုဆောင်အရာရှိ ဦးတင်ဝင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ယာဉ်နှင့်လမ်းစည်းကမ်းဆိုင်ရာဟောပြောပွဲ တာမွေ၌ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၃၀

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ပညာပေးဆွေးနွေးဟောပြောပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၄ရက် မွန်းလွဲ ၁နာရီက တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ယာဉ်ပိုင်ရှင်များ၊ အနေးယာဉ်လုပ်သားများနှင့် ပြည်သူအင်အား ၁၅၀ကျော်တို့ တက်ရောက်ကြသည်။

ဟောပြောပို့ချ

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက ယာဉ်/လမ်းစည်းကမ်းများနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၄) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူးခင်မောင် **(အောက်ပုံ)**က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ပရိဂျက်တာဖြင့်ပြသ၍ သက်ဆိုင်ရာနည်းဥပဒေများနှင့် ပတ်သက်ပြီး ပညာပေးဆွေးနွေး ဟောပြောပို့ချခဲ့သည်။ (၁၂၁)

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲကို မြောက်ဥက္ကလာပမြို့နယ် ဘုန်းကြီးလမ်း သုမင်္ဂလာ အားကစားကွင်း၌ နိုဝင်ဘာ ၂၉ရက်ကကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ပလတ်စတစ်စက်ရုံအမှတ်(၁)စက်ရုံမှူး ဦးအောင်စိုးနှင့် မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၂၈)

ဆီဆိုင် ပြန်/ဆက် စာကြည့်တိုက်ပညာ သင်တန်းဖွင့်

ဆီဆိုင် နိုဝင်ဘာ ၃၀

ဆီဆိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် စာကြည့်တိုက်ပညာနှင့် လုပ်ငန်းခွင်လက်တွေ့ လေ့ကျင့်မှုသင်တန်း (၂/၂၀၀၉)ကို နိုဝင်ဘာ ၁၂ရက် နံနက် ၁၀ နာရီက မြို့နယ်ရုံးခန်းမ၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနေမျိုးသူရိန်နှင့် ရပ်သံကျွမ်းကျင်-၃ ဦးသိန်းဇော်တို့က စာကြည့်တိုက်ပညာနှင့် လက်တွေ့လေ့ကျင့်ခြင်းတို့ကို ရှင်းလင်းပို့ချကြသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့လေကြောင်းစက်မှုလုပ်ငန်းဌာန ဝန်ထမ်းများပူဇော်ကန်တော့ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၃၀

မြန်မာ့လေကြောင်း စက်မှုလုပ်ငန်းဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား အင်ဂျင်နီယာကြီးများနှင့် သက်ကြီးစက်ပြင်ဝန်ထမ်းများအား အငြိမ်းစားတပည့်ဝန်ထမ်းများနှင့် လက်ရှိတာဝန်ထမ်းဆောင်ဆဲ တပည့်ဝန်ထမ်းများ စုပေါင်း၍ ပထမအကြိမ် ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ၅ရက် (စနေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် ၂၁/၄၃ (စီ)ရှိ ရောဝတီတိုင်းခမ္ဘာရုံ၌ ကျင်းပမည် ဖြစ်သည်။

လှူဒါန်းနိုင်

ပူဇော်ကန်တော့ပွဲသို့ တပည့် ဝန်ထမ်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးကျော်ကျော် ဖုန်း-၀၉-၅၀-၁၆၈၄၃၊ ဦးဝင်းမောင် ဖုန်း-၀၉-၅၁-၃၄၄၇၂၊ ဦးလှိုင်ဘွား ဖုန်း-၀၉-၅၀-၈၂၅၂၃၊ ဦးဦးမြင့် ဖုန်း-၂၀၀၆၃၆၊ ဦးအေးကျော် ဖုန်း-၀၉-၅၁-၁၄၁၂၅၊ ဦးမြင့်ဆွေ ဖုန်း-၆၉၉၈၀၁၊ ဦးခင်မောင်သန်းနှင့် ဦးသိန်းဦးတို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၃၅)

ဆုချီးမြှင့်

အင်းစိန်မြို့နယ် အမှတ် (၅၂) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘ ဆရာ အသင်းနှစ်ပတ်လည်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို နိုဝင်ဘာ၇ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရမောင်မြတ်ဘုန်းထူးအား ခရိုင်ပညာရေးမှူး ဦးမျိုးဆွေက ဆုပေးအပ်ချီးမြှင့်စဉ်။ (ပညာရေး)

သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မျိုးဆက်ပွားကျန်းမာရေးစောင့် ရှောက်မှု ပညာပေးသင်တန်း ဟသ်ာတ၌ဖွင့်

ဟင်္သာတ နိုဝင်ဘာ ၃၀

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သောသဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး၊ ကြိုတင်ကာကွယ်ရေးနှင့် မျိုးဆက်ပွား ကျန်းမာရေး စောင့်ရှောက်မှု ပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၁ရက် နံနက် ၈နာရီက ဟင်္သာတမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဟင်္သာခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးစောငွေက အသင်း၏ရည်ရွယ်ချက်နှင့် ရည်မှန်းချက်တာဝန်များကို ရှင်းလင်းဆွေးနွေးရာ ဟင်္သာတမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးအေးထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

တက်ရောက်

သင်တန်းသို့ အခြေခံပညာအထက်တန်း၊ အလယ်တန်းမှ ဆရာ ဆရာမများနှင့် ရပ်ကွက်များမှ သင်တန်းသား သင်တန်းသူစုစုပေါင်း ၄၆ဦး တက်ရောက်ကြသည်။ ***(ခရိုင် ပြန်/ဆက်)***

ဥတုရာသီ တောကိုမှီ၏

ကျောင်းကျန်းမာရေးစံပြဆု အင်းစိန်၌ချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၃၀

အင်းစိန်မြို့နယ် ကျောင်းကျန်းမာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ကျောင်းကျန်းမာရေး စံပြဆုရ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများ စံပြဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၇ရက် နံနက်က အင်းစိန် အောင်ဆန်း အထက(၃) ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်ကျောင်းကျန်းမာရေးကော်မတီဝင် ဦးစိုးဝင်း (သတင်းထောက် စဉ့်ကူစိုးဝင်း)က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြု

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးမျိုးဆွေထံ ဆီမီး ၉၉၀၀ အဖွဲ့ဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်စိုး(တရားရုံးချုပ်ရှေ့နေ) တို့က စံပြကျောင်းများ ဆုချီးမြှင့်ရန် ဆီမီး၉၉၀၀အဖွဲ့ မဂ္ဂဇင်းကော်မတီမှ လှူဒါန်းသည့် ငွေကျပ် ၁၅၀၀၀၀ ကျော် တန်ဖိုးရှိ ဆုပစ္စည်းများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဆုရရှိသည့် စံပြကျောင်း ၁၈ကျောင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုနိုင်၊ မြို့နယ်ပညာရေးမှူး ဦးမျိုးဆွေ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဆန်းဦး၊ ကျောင်းကျန်းမာရေးဆရာဝန် ဒေါ်လှဲ့ရွှေစင်မြင့်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(၁၂၇)**

ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များအား ကျန်းမာရေးအသိပညာပေးဟောပြော

ပုလဲ နိုဝင်ဘာ ၃၀

ပုလဲမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကကြီးမှူး၍ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်ခြင်း၊ အစားအစာများ ထောက်ပံ့ပေးအပ်ခြင်း၊ အာဟာရချို့တဲ့ကလေးငယ်များအား အာဟာရမှုန့်ထုပ်များပေးအပ်ခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၁ ရက် နံနက် ၁၁ နာရီက ကန့်ဒေါင့်ကျေးရွာအုပ်စု မဲဇရပ်ကျေးရွာ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းဆိုင်မိုနွမ်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ အိအိကိုနှင့် ဒေါက်တာဝင်းဝင်းအေးတို့က အိုင်အိုဒင်းချို့တဲ့ရောဂါပပျောက်ရေး၊ အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်အကြောင်း အသိပညာပေး ဟောပြောကြသည်။

ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းဆိုင်မိုနွမ်က ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် အာဟာရချို့တဲ့ကလေးငယ်များအား ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ (မြို့နယ် ပြန်/ဆက်)

ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့ အထက၌ နှစ်(၅၀)ပြည့် ရွှေရတု အခမ်းအနားကို ဒီဇင်ဘာ၂၇ရက်တွင်ကျင်းပမည့် အာစရိယပူဇော်ပွဲနှင့် တိုးချဲ့စာသင်ဆောင် ဆောက်လုပ်ရန်အတွက် မိတ္ထီလာမြို့နေ ဦးစိုးမြင့်-ဒေါ်ချောငွေး၊ သမီး မစိုးဇာခြည်ငွေး မိသားစုက ငွေကျပ် ၁၀သိန်းကို တည်ဆောက်ရေးအဖွဲ့ နာယက ဦးရဲမြင့်(ငွေသောင်ယံ)ထံ ပေးအပ်လှူဒါန်းစဉ်။ (၁၅၇)

စစ်ကိုင်းခရိုင် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန စစ်ကိုင်းခရိုင် ဦးစီးမှူး ဦးလေးနိုင်၊ ခရိုင် ပို့ဆောင်ရေး စီမံကိန်း ဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းမြင့်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းဝင်းနှင့် အဖွဲ့ဝင်များ နိုဝင်ဘာ ၁၉ရက်က မန္တလေး-ရွှေဘို-မုံရွာ ကားလမ်းတွင် ခရီးသည်တင်ယာဉ်များ ကြံ့ခိုင်မှုရှိ မရှိ၊ ယာဉ်စည်းကမ်းနှင့်အညီ စနစ်တကျ ထိန်းသိမ်းမောင်းနှင်ခြင်း ရှိမရှိတို့ကို ရှောင်တခင် စစ်ဆေးစဉ်။ (ခရိုင် ပြန်/ဆက်)

ဧရာဝတီတိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ ညှိနှိုင်းစည်းဝေး

ပုသိမ် နိုဝင်ဘာ ၂၈

ဧရာဝတီတိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ညှိနှိုင်းအစည်းအဝေး (၂/၂၀၀၉)ကို နိုဝင်ဘာ ၂၀ရက်က ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ကျင်းပရာ အနောက်တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်အေး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအေးကျော်၊ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်မောင်မောင်(**ယာပုံ**)၊ ပို့ဆောင်ရေးနှင့် စီမံကိန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးစိုးမင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးသိန်းဝင်း၊ တိုင်းတရားသူကြီးဦးမြင့်သိန်း၊ တိုင်းဥပဒေအရာရှိ ဦးမြင့်ဝင်း၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဒုတိယရဲမှူးဇော်ဝင်း၊ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးစိုးကြိုင်၊ ရေယာဉ်အသင်းဥက္ကဋ္ဌ ဦးတိုင်းအောင်နှင့် စက်လှေအသင်းဥက္ကဋ္ဌ ဦးတင်ရွှေတို့က ဆွေးနွေးကြသည်။

ဆွေးနွေးညှိနှိုင်း

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော မော်တော်ယာဉ်၊ ရေယာဉ်၊ အနေးယာဉ်၊ ထော်လာဂျီ ပိုင်ရှင်များနှင့် တာဝန်ရှိသူများက ဆွေးနွေးညှိနှိုင်းကြသည်။ **(၁၅၇)**

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပြနှင့်ကျေးလက်ဒေသ လမ်းတံတားများကောင်းမွန်ရေးအတွက် အသစ်တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အဖွဲ့ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သော လမ်းမတော်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် အငယ်တန်း အင်ဂျင်နီယာ-၂ ဦးစန်းယုလှိုင်တို့ ကြီးကြပ်ပေးစဉ်။ (၁၅၂)

ကန်ပက်လက်၌ မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး သင်တန်းဆင်း

ကန်ပက်လက် နိုဝင်ဘာ ၂၃

ချင်းပြည်နယ် ကန်ပက်လက်မြို့တွင် ဖွင့်လှစ်ခဲ့သော မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်း အမှတ်စဉ်(၂/၂၀၀၉) သင်တန်းဆင်းပွဲကို ကန်ပက်လက်မြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၃ရက် နံနက် ၈နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန့်စင်ထွန်းနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တပ်ရင်းမှူး ဒုတိယရဲမှူးလွင်မောင်မြင့်တို့က အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးသန့်စင်ထွန်းက ချီးမြှင့်ရာ သင်တန်းသားများကိုယ်စား ဦးဟုန်းမာန်က လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ပျော်ဘွယ်မြို့နယ် ဆေးရုံသို့ အလှူငွေပေးအပ်

ပျော်ဘွယ် နိုဝင်ဘာ ၂၀

ပျော်ဘွယ်မြို့နယ် ပြည်သူ့ဆေးရုံသို့ မြင်းဘက်ရပ်နေ ဦးတင်ဦးရှိန်-ဒေါက်တာဝင်းဝင်းရည်၊ သမီးဒေါက်တာအေးသီဟန်မိသားစုက ဆေးပဒေသာပင် အလှူငွေကျပ် ၂၅သိန်း ပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၉ရက် နံနက် ၁၀နာရီက အဆိုပါဆေးရုံခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူး လှသန်းထွန်း၊ မြို့နယ်ဆရာဝန်ဒေါက်တာသန်းလွင်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အဖွဲ့ဝင်(၁) ဒုတိယရဲမှူးနှင့် မြို့နယ်ဆရာဝန်တို့က အမှာစကားပြောကြားကြပြီး အလှူရှင်ဦးတင်ဦးရှိန်က လှူဒါန်းရခြင်း၏ရည်ရွယ်ချက်ကို တင်ပြသည်။

ထို့နောက် အလှူငွေများပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်က လက်ခံယူသည်။ **(၀၈၅)**

ရွှေဘိုမြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် မင်းညိုစုံလမ်းတစ်လျှောက် ရေမြောင်းများရှင်းလင်းခြင်း၊ မြောင်းစာများ၊ အမှိုက်များဆယ်တင်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကို ဒုတိယဦးစီးမှူး (သန့်ရှင်းရေး) ဦးမျိုးနိုင်ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်ကြရာသို့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်း ကြီးကြပ်ပေးစဉ်။
(မြို့နယ်စည်ပင်)

သက်ကြီးစစ်မှုထမ်းဟောင်းများ ထောက်ပံ့ငွေပေးအပ်ပွဲ ကျိုက်ထို၌ကျင်းပ

ကျိုက်ထို နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့(၂၀၀၉)ညီလာခံမှ ချီးမြှင့်သည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် အသက်(၇၅) နှစ်နှင့်အထက် အဖွဲ့ဝင်များနှင့်မသန်စွမ်းအဖွဲ့ဝင်များ ထောက်ပံ့ငွေ ပေးအပ်သည့် အခမ်းအနားကို နိုဝင်ဘာ၁၁ ရက်နံနက်၁၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ နာယက နယ်မြေခံတပ်နယ်မှုဗိုလ်မှူးချုပ်တောက်ထွန်းက အမှာစကား ပြောကြားပြီး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးရဲနှစ်(ငြိမ်း)က ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်ရာ အသက်(၇၅)နှစ်နှင့် အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင် သုံးဦးအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်တောက်ထွန်းကလည်းကောင်း၊ မသန်စွမ်း စစ်မှုထမ်းဟောင်း အဖွဲ့ဝင် ခြောက်ဦးအား တာဝန်ရှိသူများကလည်းကောင်းပေးအပ် ချီးမြှင့်ကြသည်။

အဆိုပါ အသက်(၇၅) နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်သုံးဦးအတွက် ငွေကျပ် ၆၀၀၀၀နှင့် မသန်စွမ်းစစ်သည် ခုနစ်ဦးအတွက် ငွေကျပ်၃၅၀၀၀၀နှင့် မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်တစ်ဦးက လှူဒါန်းသော အလှူငွေ ကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ် ၅၁၀၀၀၀ ကို ထောက်ပံ့ပေးအပ်သည်။
(မြို့နယ် ပြန်/ဆက်)

ရေတွန်းစက်

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးဆောင်ရွက်မည့် ရေတွန်းစက်ကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

မင်းတပ်ခရိုင်၌ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

မင်းတပ် နိုဝင်ဘာ ၂၆

မင်းတပ်ခရိုင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၃ရက် မွန်းလွဲ ၂နာရီက မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မင်းတပ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စိုးစိုးထွန်းက စံ(၅)ချက်နှင့်ညီသော ခိုင်မာစာကြည့်တိုက်များ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေ၊ စာအုပ်စာစောင်နှင့် ငွေပဒေသာပင် တိုးပွားစိုက်ထူ ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးမြင့်သန်းက ရည်မှန်းချက်နှင့်အညီ ခိုင်မာစာကြည့်တိုက်များဖြစ်ပေါ်လာရေးအတွက် အား(၄)အားဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် ပံ့ပိုးကူညီကြရန်ဆွေးနွေးမှာကြားပြီး ကော်မတီဝင်များက ဆောင်ရွက်မည့် နည်းလမ်းများကို ဆွေးနွေးညှိနှိုင်းကြသည်။ ***(ခရိုင် ပြန်/ဆက်)***

မကွေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးမှ မြို့နယ်ဦးစီးဌာနမှူးနှင့် ရုံးဝန်ထမ်းများ မကွေးမြို့ အထက(၁)မှ ကျောင်းသားကျောင်းသူများအား နိုဝင်ဘာ ၁၇ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေး ကွင်းဆင်းဆောင်ရွက်ရာ မကွေးတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချိုထွန်းက ကွင်းဆင်းကြီးကြပ်စဉ်။
(မြို့နယ် ပြန်/ဆက်)

မွေးမြူရေးနှင့် ကုသရေးသင်တန်း ဝိုင်းမော်၌ဖွင့်

ဝိုင်းမော် နိုဝင်ဘာ ၂၃

ဝိုင်းမော်မြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အခြေခံမွေးမြူရေးနှင့် ကုသရေးသင်တန်း (၁/၂၀၀၉) ဖွင့်ပွဲအခမ်းအနားကို ဝိုင်းမော်မြို့နယ်အသင်းခန်းမတွင် နိုဝင်ဘာ ၁၂ရက် နံနက်၁၀နာရီကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးအုန်းခင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစိုးသိန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇီးတောဆည်ရေဖြင့် မိုးစပါးစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း

နွားထိုးကြီး နိုဝင်ဘာ ၂၄

မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းရွှေသည် နွားထိုးကြီးမြို့နယ်အတွင်းရေးမှူး ဦးရဲမြင့်အောင်နှင့် မြို့နယ်စိုက်ညှိကော်မတီဝင်များနှင့်အတူ နိုဝင်ဘာ ၅ရက်က နွားထိုးကြီးမြို့နယ် ဇီးတောဆည်ရေသောက် မိုးစပါးများကို ကွင်းဆင်းကြည့်ရှုကြသည်။

အဆိုပါ ဇီးတောဆည်ရေဖြင့် စိုက်ပျိုးလျက်ရှိသော နွားထိုးကြီး၊ ဝမ်းတွင်း၊ မလှိုင်သုံးမြို့နယ်တို့၌ မိုးစပါးအောင်မြင်ဖြစ်ထွန်းမှုကို ကွင်းဆင်းကြည့်ရှုကြသည်။
(၀၉၂)

မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကျေးလက်ရေပေးရေး ရေလုံလောက်စွာ ရရှိစေရန် အလယ်ချောင်ကျေးရွာတွင် တစ်လက်မခွဲ ရေတုံကင် တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်မှုကို လက်ထောက်အင်ဂျင်နီယာ ဦးတင်ထွန်းကျော် ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စာငှားကတ်စနစ်ကျင့်သုံးရေး ရှင်းလင်းဆွေးနွေးပွဲနှင့် ဂုဏ်ပြုလွှာပေးအပ်ပွဲကို နိုဝင်ဘာ ၂၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးဘိုးချိုက စာငှားကတ်စနစ်ကျင့်သုံးရေးလုပ်ငန်း ရည်ရွယ်ချက်များ ရှင်းလင်းဆွေးနွေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ယင်းမာပင်မြို့နယ်အတွင်း

စာကြည့်တိုက်များဆောက်လုပ်မှု မြို့နယ်ဥက္ကဋ္ဌကွင်းဆင်းစစ်ဆေး

ယင်းမာပင် နိုဝင်ဘာ ၂၅

မုံရွာခရိုင် ယင်းမာပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလှိုင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဌာန ဦးစီးအရာရှိဦးစန်းလွင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးဝင်းတို့သည် နိုဝင်ဘာ ၁၆ရက်က ဆင်စွယ်ကျေးရွာအုပ်စု ကျေးရွာစာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာကို ကွင်းဆင်းစစ်ဆေးပြီး ကျေးရွာဥက္ကဋ္ဌ၊ ကျေးရွာ ရပ်မိရပ်ဖများ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံကာ စာကြည့်တိုက်အဆောက်အအုံ အမြန်ဆုံးဆောက်လုပ်ပြီးစီးရေးအတွက် မြို့နယ်ဥက္ကဋ္ဌက ဆွေးနွေးမှာကြားခဲ့သည်။

မှာကြားဆွေးနွေး

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် တာဝကျေးရွာအုပ်စု ပန်းမတုံးကျေးရွာသို့ သွားရောက်ကာ ပန်းသတင်းစာကြည့်တိုက် ဆောက်လုပ်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်ပြီး မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ကျေးရွာမူလတန်းလွန်ကျောင်းမှ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ မြို့နယ်ဥက္ကဋ္ဌက လိုအပ်သည်များ ဆွေးနွေးခဲ့သည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက တာဝကျေးရွာအုပ်စု အင်းသာကျေးရွာမှ အသက်(၁၀၆)နှစ်ရှိ အဘွားဒေါ်ဖွားရှိန်အား ငွေကျပ်တစ်သောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မြို့နယ်သတင်းများ

မြင်းခြံစည်ပင်သာယာ သန့်ရှင်းရေးဆောင်ရွက်

မြင်းခြံ နိုဝင်ဘာ ၂၉

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမြင့် ကြီးကြပ်မှုဖြင့် ဒုတိယဦးစီးမှူးဦးမြင့်အောင် ဦးဆောင်၍ သန့်ရှင်းရေးဌာနစိတ် ဝန်ထမ်းများအား လမ်းဘေးရေဆိုးထုတ်မြောင်းများ ရေစီးဆင်းမှုကောင်းမွန်အောင် ဆောင်ရွက်ပြီး အနံ့အသက်များ ကင်းစင်ရေးအတွက် အနံ့ဆိုးပျောက် ဇီဝဖြည့်စွက်ရည်(Biofeed) ဆေးရည်ဖြင့် ရွှေတောင်ကြီး ဆေးထုတ်လုပ်ရေးအဖွဲ့နှင့်အတူ နိုဝင်ဘာ၁ရက်က ပူးပေါင်းဆောင်ရွက်ခဲ့သည်။ (မြို့နယ်စည်ပင်)

ကတ္တရာခင်း

ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မေတ္တာလမ်းကတ္တရာခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၅ရက်က အငယ်တန်း အင်ဂျင်နီယာ-၂ ဦးဇေယျာနိုင် ဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးသိန်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရွှေသင်း ဘိုးဘွားရိပ်သာသို့ အလှူငွေပေးအပ်

ရမည်းသင်း နိုဝင်ဘာ ၂၄

မန္တလေးတိုင်း ရမည်းသင်းမြို့ သီလဝ (၂)ရပ်ကွက် ရွှေသင်းဘိုးဘွားရိပ်သာ၌ သက်ကြီး အဘိုးအဘွားများအား ပြုစုစောင့်ရှောက်ပေးလျက်ရှိပြီး ရပ်ဝေးရပ်နီးရှိ စေတနာရှင်များမှ အလှူငွေများလှူဒါန်းလျက်ရှိရာ ဒုတိယအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၆ရက် နံနက် ၉ နာရီက အဆိုပါဘိုးဘွားရိပ်သာ ဧည့်ကြိုခန်းမ၌ကျင်းပရာ ရန်ကုန်မြို့ အရဏ်ဦးကုန်စည်ပို့ဆောင်ရေး ဦးတင်ယု မိသားစုက အလှူငွေကျပ်ငါးသိန်း၊ မန္တလေးမြို့ (ဒုတိယဗိုလ်မှူးကြီး ကျော်မြင့်ထွန်း)- ဒေါ်လှလှရီ (အထပြ)မိသားစုကအလှူငွေကျပ်၄၅၀၀၀၀၊ မန္တလေးမြို့ ကျွန်တော့်ဖယောင်းတိုင်လုပ်ငန်းနှင့် ကြံတိုင်းအောင် အနံ့အရောင်မျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်း ဦးစောလွင်-ဒေါ်ရီရီမြင့်မိသားစုက အလှူငွေကျပ်နှစ်သိန်း၊ မန္တလေးမြို့ ဗိုလ်ကြီးစောထွန်းဦး-ဒေါက်တာမော်မော်တင် မိသားစုက အလှူငွေကျပ်တစ်သိန်း၊ နေပြည်တော်တပ်ကုန်းမှ ဦးအုန်းဖေ-ဒေါ်ခင်ရွှေမိသားစုက အလှူငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ဘိုးဘွားစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရွှေ၊ အတွင်းရေးမှူးဦးငွေသိန်းနှင့် ဘဏ္ဍာရေးမှူး ဦးစံတင့်တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ရွှေသင်းဘိုးဘွားရိပ်သာတွင် အဘိုးအဘွားများအား ပြုစုစောင့်ရှောက်ပေးလျက်ရှိရာ ငွေပဒေသာပင်၊ ရိပ်သာထိန်းသိမ်းရေးနှင့် အာဟာရအလှူငွေများ လှူဒါန်းလိုပါက ဥက္ကဋ္ဌဦးရွှေ ဖုန်း-၀၉-၂၁-၇၄၂၃၆၊ ဘဏ္ဍာရေးမှူး ဦးစံတင့် ဖုန်း-၀၉-၂၁-၇၃၆၂၇ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၆၉)

စာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီညွတ်ရေး လှိုင်၌ ဟောပြောဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၃၀

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်အတွင်းရှိ ဖွင့်လှစ်ပြီးသည့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာငှားကတ်စနစ်ကျင့်သုံး၍ စံ(၅)ချက်နှင့်ပြည့်စုံသော စာကြည့်တိုက်များဖြစ်ပေါ်လာရေး ဟောပြောဆွေးနွေးပွဲကို နိုဝင်ဘာ၁၉ရက်က အမှတ်(၅)ရပ်ကွက်အတွင်းရှိ မြကန်သာစာကြည့်တိုက်၌ ကျင်းပသည်။

ဟောပြောဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်အုန်းမြင့်က စာကြည့်တိုက်များရေရှည်တည်တံ့ရေး၊ စံ(၅)ချက်နှင့်အညီ ဆောင်ရွက်ရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေးတို့ကို ဟောပြောဆွေးနွေးသည်။ အခမ်းအနားသို့ စာကြည့်တိုက်မှူး ဒေါ်သက်သက်ဝါနှင့် စာကြည့်တိုက်ကော်မတီဝင်များ တက်ရောက်ကြသည်။ ***(မြို့နယ် ပြန်/ဆက်)***

မကွေးတိုင်းစည်ပင်သာယာရေး အဖွဲ့မှ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ် ပေါက်မြို့နယ်စည်ပင်သာယာရေး အဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ပန်းအလှပင်နှင့် အရိပ်ရပင်များ ပျိုးထောင်ထားမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးငွေးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လင်းတို့က ရှင်းလင်းတင်ပြစဉ်။(မြို့နယ်စည်ပင်)

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
40KVA သို့မဟုတ် 50KVA မီးစက်နှစ်လုံး
ဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သော 40KVA သို့မဟုတ် 50KVA မီးစက်နှစ်လုံးကို အောက်ဖော်ပြပါအတိုင်း ဝယ်ယူလိုပါသည်-

(က) 40KVA သို့မဟုတ် 50KVA (၂) လုံး
(Brand New Generator Set)

၂။ တင်ဒါပေးသွင်းမှုကို ၁၁-၁၂-၂၀၀၉ရက် ၁၆း၃၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၃၄၅၇၄၊ ၅၃၆၀၂၉။

အမည်ဖြည့်စွက်ခေါ်ပါရန်

အဖ ဦးစိုင်းယိ၏သမီး ကျိုင်းတုံမြို့ ကွန်ပျူတာတက္ကသိုလ်(ဒုတိယနှစ်)တွင် ပညာသင်ကြားနေသော မနန်းဟောင်တစ်အား မနန်းဟောင်တစ်(ခ)မနန်းဟွမ်တစ်ဟု ဖြည့်စွက်ခေါ်ပါရန်။

မနန်းဟောင်တစ်(ခ)မနန်းဟွမ်တစ်။

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၃၅၅၁ Yinxiang 90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်သန်း ၉/မရတ(နိုင်)၀၀၄၇၄၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။**

သင့်သွေးဖြင့် အသက်ကယ်ပါ

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၈၉၃၆၉ Yinxiang ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်ဦး ၉/မထလ(နိုင်)၀၀၁၃၆၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး)၊
မိတ္ထီလာမြို့။

"မာလာတင်"
'အမျိုးသမီးကိုယ်ကာယအလှသင်တန်း'

စာရင်းလက်ခံပြီး
၅-၁-၂၀၁၀ ရက်စမည်
စုံစမ်းချိန်-နံနက် ၉နာရီမှ
ညနေ ၃နာရီအတွင်း

လူဦးရေကန့်သတ်ထားသည်
အမှတ် ၂၉၇၊ အခန်း ၆
မဟာဗန္ဓုလပန်းခြံလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၇၉၇၃၅၊ ၃၈၄၉၂၄။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

စပါးရွှေဝါ ဝေဖြာနေသည့် မြစ်ကြီးနားခရိုင်

မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် ကောင်ရာကျေးရွာအုပ်စုရှိ စပါးစိုက်ခင်းများ....။
ဓာတ်ပုံမှတ်တမ်း - သတင်းထောက်စဥ့်ကူစိုးဝင်း

နေပြည်တော် နိုဝင်ဘာ ၃၀

ကချင်ပြည်နယ် မြစ်ကြီးနားသို့ ခရီးထွက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နံနက် ၅နာရီခန့် ရောက်ခဲ့သည်။ နံနက် ၆နာရီခွဲတွင် မန္တလေး-မြစ်ကြီးနား-ပူတာအိုခရီးစဉ်လိုက်ပါမည့် ခရီးသည်များနှင့်အတူ မြန်မာ့လေကြောင်းခရီးစဉ်အမှတ်(၇၈၁)ဖြင့် လိုက်ပါခဲ့ရာ နံနက် ၁၀နာရီခန့်၌ မြစ်ကြီးနားလေဆိပ်သို့ ချောမောစွာရောက်ရှိခဲ့သည်။ မြစ်ကြီးနားသို့ ယခင်က မရောက်ဖူးခဲ့၍ လေယာဉ်တံခါးဝမှ ထွက်လျှင် ထွက်ချင်း စိမ်းလန်းစိုပြည်လှသော သွေးချင်းတို့၏ ကချင်မြေက သတင်းခရီးသည်၏ရင်ကို ချမ်းမြေ့အေးမြစွာ ကြိုဆို နှုတ်ဆက်နေတော့သည်။ စာမျက်နှာ ၃ ကော်လံ ၁ ●

သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း - သတင်းထောက်စဥ့်ကူစိုးဝင်း

စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ကိုယ်ဝန်ဆောင်အမျိုးသမီးများ မူးယစ်ဆေးဝါးသုံးစွဲလျှင် ကျန်းမာရေးချို့ယွင်းသော ရင်သွေးငယ်များမွေးဖွားနိုင်

ကိုယ်ဝန်ဆောင်ကာလအတွင်း မူးယစ်ဆေးဝါး တစ်မျိုးမျိုးကို သုံးစွဲသည့် အမျိုးသမီးများသည် သားသမီး မွေးဖွားသောအချိန်၌ အခက်အခဲနှင့် ကြုံတွေ့ရတတ်ပြီး ကျန်းမာရေးချို့ယွင်းသော ရင်သွေးငယ်များ မွေးဖွားတတ်ကြောင်း အမေရိကန် ဆေးသိပ္ပံပညာရှင်များက သတိပေးလိုက်သည်။ *စာမျက်နှာ ၇ ကော်လံ ၅* ❒

ထွန်စက်များဖြင့်ထွန်ယက်

မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် ကောင်ရာကျေးရွာအုပ်စုရှိ စပါးစိုက်ခင်း၌ ဤသို့ ထွန်စက်များဖြင့် ထွန်ယက်နေကြသည်။
ဓာတ်ပုံမှတ်တမ်း - သတင်းထောက်စဥ့်ကူစိုးဝင်း